# မန္တလေး နေ့စဉ်

*The Mandalay Daily*

၁၉၉၇ ခုနှစ် ၊ နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၆၂)၊ ၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ ၂၃-၈-၂၀၂၄၊ သောကြာနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသော ပန်းနံ့သာတို့ထက် သီလ တည်းဟူသော အနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄) ကျင်းပ

နေပြည်တော် ဩဂုတ် ၂၂

လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၄)ကို ယနေ့ မွန်းလွဲ ၂ နာရီက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဦးဆောင်သော ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျန်အဖွဲ့ဝင်များက အွန်လိုင်းမှ တစ်ဆင့် တက်ရောက်ကြသည်။




### အမှာစကားပြောကြား

ဦးစွာ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကား ပြောကြားရာတွင် ၂၀၂၃ ခုနှစ် UNODC က ထုတ်ပြန်ခဲ့သည့် အရှေ့တောင်အာရှဒေသအတွင်းကာစီနိုဆိုက်တာလိမ်လည်မှုနှင့် အတင်းအကျပ် ရာဇဝတ်မှုကျူးလွန်စေရန် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာ၌ အရှေ့တောင်အာရှဒေသများဖြစ်သော ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် မြန်မာနိုင်ငံ စသည့်နိုင်ငံများတွင် အွန်လိုင်းလိမ်လည်မှုနှင့် ငွေကြေးလိမ်လည်မှုများကို အတင်းအကျပ် ကျူးလွန်စေသည့် လူကုန်ကူးမှုများသည် ပုံစံအသစ်ဖြင့်တိုးတက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါဖြစ်ပေါ်နေမှုကို နိုင်ငံတကာမှ ပုံစံသစ်ဖြင့်ဖြစ်ပေါ်လာသော လုပ်အားခေါင်းပုံဖြတ်သည့် လူကုန်ကူးမှုဟု အမည်တပ်လာကြကြောင်း။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားခဲ့ပြီးနောက် လူမှုစီးပွားဘဝ ပြန်လည်ဖွံ့ဖြိုးတိုးတက်လာစေရေး လုပ်ဆောင်ကြရာတွင် အွန်လိုင်းဆက်သွယ်ဆက်ဆံမှု လုပ်ငန်းများ၊ အွန်လိုင်းငွေကြေးရင်းနှီးမြှုပ်နှံမှုနှင့် ငွေပေးချေမှုစနစ်များတိုးတက်ပြောင်းလဲလာမှု အပေါ်အခြေခံပြီး အွန်လိုင်းလိမ်လည်မှုမှုခင်းများ ဖြစ်ပွားမှု ပိုမိုများပြားလာသည်ကို တွေ့ရှိနေရကြောင်း၊ ပို့ဆောင်ဆက်သွယ်ရေးဆိုင်ရာနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် အွန်လိုင်းလိမ်လည်မှုကုမ္ပဏီများ ပေါ်ပေါက်လာစေသည့် အခြေခံအကြောင်းအရင်းများပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အစိုးရအနေဖြင့်လည်း အွန်လိုင်းလိမ်လည်မှု (Online Scam)လုပ်ငန်းများကို ထိထိရောက်ရောက် တားဆီးနှိမ်နင်းလျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင်အတင်းအကျပ်ခိုင်းစေခံရသူများကို ကယ်တင်၍ ၎င်းတို့၏ နေရပ်ဒေသများသို့ ပြန်လည်စေလွှတ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့နယ်စပ်ဒေသများမှတစ်ဆင့် အကြောင်း အမျိုးမျိုးကြောင့် ရောက်ရှိလာပြီး အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် နိုင်ငံခြားသားများကို မြန်မာနိုင်ငံရှိသံရုံးများနှင့် အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ ဆက်သွယ်မှုလမ်းကြောင်းများမှ တစ်ဆင့် အကူအညီတောင်းခံလာမှုများနှင့်ပတ်သက်ပြီး ကယ်တင်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံအသီးသီးသို့ ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြောင်း။

ပြည်ပနိုင်ငံများသို့ သွားရောက်အလုပ်လုပ်ကိုင်ကြရာမှ အခက်အခဲမျိုးစုံ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများရှိ သံရုံးများနှင့်ချိတ်ဆက်ကာ သက်ဆိုင်ရာဝန်ကြီးဌာနများ ပူးပေါင်း၍ မိမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိကြောင်း၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အနေဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ ဘာလီလားပင်လယ်အော် စီးပွားရေးနှင့် နည်းပညာဆိုင်ရာ ဘက်စုံပူးပေါင်းဆောင်ရွက်ရေး အဖွဲ့(ဘင်းမ်စတက်)အဖွဲ့ဝင်နိုင်ငံများအကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာဘင်းမ်စတက်ကွန်ဗင်းရှင်းလုပ်ငန်းလမ်းညွှန် (TOR)နှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ဘင်းမ်စတက်လုပ်ငန်းစီမံချက်ကို အပြီးသတ်ရေးဆွဲအတည်ပြုနိုင်ခဲ့ကြောင်း။

လူကုန်ကူးခံရသူများအတွက် အကောင်းဆုံး ဝန်ဆောင်မှုများပေးနိုင်ရန်အတွက် စံလုပ်ငန်းအစီအစဉ်တစ်ခုဖြစ်သည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ အမျိုးသားအဆင့်စံလုပ်ငန်းအစီအစဉ်(၂၀၂၀)ကို ရေးဆွဲအတည်ပြုပြီး ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအဖွဲ့များအား အဆိုပါ စံလုပ်ငန်းအစီအစဉ် အသုံးပြုနည်း သင်တန်းများကို ယခင်နှစ်များအတိုင်း ဆက်လက်ဆောင်ရွက်သွားပြီး စံလုပ်ငန်းအစီအစဉ်တွင်ပါရှိသည့် လုပ်ငန်းစဉ်များအတိုင်း လိုက်ပါဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူကုန်ကူးခံရသူများကို လိုအပ်သည့် ပံ့ပိုးကူညီမှုများ၊ ညွှန်းပို့ကူညီမှုများ၊ နောက်ဆက်တွဲစောင့်ရှောက်မှုများကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုတွေ့ရှိရ၍ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

### အကြံပြုဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဝင်များက လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများကို အကြံပြုဆွေးနွေးပြီး ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ခြုံငုံသုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ ပြောင်းလဲဖြစ်ပေါ်နေသော လူကုန်ကူးမှုပုံစံသစ်များကိုတိုက်ဖျက်ရာတွင် ရေးဆွဲထားရှိသော မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ စတုတ္ထငါးနှစ်စီမံကိန်း၏ လုပ်နည်းလုပ်ဟန်သစ်များနှင့် နိုင်ငံတကာတွင်ကျင့်သုံးနေသည့် စံနှုန်းများကိုအသုံးပြုပြီးသက်ဆိုင်ရာအစိုးရဌာနများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကပါ လူကုန်ကူးမှုတိုက်ဖျက်ရေး အသိပညာဗဟုသုတများဖြင့် ပူးပေါင်းပါဝင် အကောင်အထည်ဖော်ကြမှသာ လူကုန်ကူးမှုများ လျော့နည်း ကျဆင်းအောင် ထိန်းချုပ်နိုင်မည် ဖြစ်ပါကြောင်း၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် စိန်ခေါ်မှုအခက်အခဲများကို အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းသစ်များကိုဖော်ထုတ်ပြီး အဖွဲ့ဝင်များအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

**ယနေ့ ဖတ်စရာအညွှန်း**


ဂျာအိုဖီးလစ် ချဲလ်ဆီးအသင်းတွင် ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည် — စာမျက်နှာ ၁၁

ကိုယ့်အားကိုယ်ကိုး၍ တိုးတက်ကြပါစေ (ဆောင်းပါး) — စာမျက်နှာ ၁၇


၀-၀-၀-၀-၀

၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၃ ရက် ၊ သောကြာနေ့ ။

မန္တလေး နေ့စဉ်

# ယဉ်ကျေးသိမ်မွေ့စေမည့် အနုပညာ

အနုပညာသည် လူသားအားလုံးတို့၏စိတ်ကို ယဉ်ကျေးသိမ်မွေ့စေပါသည်။ အနုပညာဆိုသည်မှာ စာပေ၊ ဂီတ၊ ပန်းချီပန်းပုစသည်တို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသည့် သိမ်မွေ့ထက်မြက်သော ပညာရပ်ပင်ဖြစ်သည်။ အနုပညာကို မခံစားတတ်လျှင် ရိုင်းစိုင်းကြမ်းတမ်းသည့်စိတ်များဝင်ရောက်လာနိုင်ပေသည်။

ယနေ့လူငယ်များသည် တိုင်းပြည်၏ အနာဂတ်ကို ပုံဖော်ထုဆစ်မည့် ကြယ်ပွင့်ကလေးများဖြစ်သည်။ ထို့ကြောင့် လူငယ်များ၏ စိတ်နှလုံးအား နူးညံ့ပျော့ပျောင်းလာစေနိုင်သော အစွမ်းသတ္တိရှိသည့် အနုပညာသည် လူငယ်များ၏ဘဝတွင် မရှိမဖြစ်အရေးပါလိမ့်မည်ဟု ဆိုချင်ပါသည်။

လူသားအချို့၏ စိတ်သည် ပင်ကိုအားဖြင့် အနည်းငယ်ကြမ်းတမ်းပေသည်။ ထိုကြမ်းတမ်းသောစိတ်ကို အနုပညာ၌ရှိသော အစွမ်းသတ္တိများက သိမ်မွေ့ယဉ်ကျေးလာသော ဘဝကိုရောက်အောင် ပို့ဆောင်ပေးနိုင်လိမ့်မည်ဟု ထင်မြင်မိသည်။ လောကအလှတရားများကို တည်ဆောက်ကြမည့်လူငယ်များတွင် အနုပညာခံစားမှုရှိရန်လိုအပ်ပါသည်။

လူသားတိုင်းသည် တေးဂီတနှင့် မကင်းနိုင်ကြပါ။ လူငယ်နှင့် ဂီတဟူသော အနုပညာသည် ရင်းနှီးသော မိတ်ဆွေဟုဆိုချင်ပါသည်။ ကလေးဘဝကပင် "လူကလေးရယ်ငို၊ ခိုဖမ်းလို့ပေး မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါ" အစရှိသော တေးသီချင်းများဖြင့် ရင်းနှီးကျွမ်းဝင်ခဲ့ကြသည်။ တေးဂီတသည် လူသားတိုင်း၏ စိတ်ကို ရွှင်လန်းခြင်း၊ တက်ကြွခြင်း၊ ကြည်နူးခြင်း၊ လွမ်းဆွေးခြင်းစသည့် ရသတစ်မျိုးမျိုးကို ခံစားရရှိနိုင်ပြီး လူသားတို့၏စိတ်ကို ယဉ်ကျေးသိမ်မွေ့စေမည်ဟု ဆိုချင်ပါသည်။ စိတ်ကူးဉာဏ်ရင့်သန်စေသည်။ စိတ်လေလွင့်မှုကို တားဆီးပေးနိုင်၍ နူးညံ့နယ်သောစိတ်ကို အပန်းပြေစေသည်။

လူငယ်များ၏ ဖြတ်သန်းရမည့်ဘဝတွင် အနုပညာသည် အရေးပါလှသဖြင့် နှစ်သက်မြတ်နိုးခံစားတတ်ရပေမည်။ အနုပညာကို မြတ်နိုးမှုသာလျှင် အလှအပကို ခံစားတတ်မည်ဟု ဆိုချင်ပါသည်။ ကမ္ဘာလောကကြီးအတွင်း၌ စာပေ၊ ဂီတ၊ ပန်းချီ၊ ပန်းပုစသည့် အနုပညာအမျိုးအစားများအလိုက် ကွဲပြားနေသော်လည်း ခံစားသူပရိသတ်အား နှစ်သက်ခြင်း ရသပေးစွမ်းနိုင်သည့် အကျိုးရလဒ်မှာ အတူတူပင်ဖြစ်သည်။

ဥတေနမင်း၏ စောင်းသံကိုကြားရသောကြောင့် ရိုင်းစိုင်းသည့်ဆင်များပင် ယဉ်ကျေးလာခဲ့သည်။ ဂီတာတီးခတ်သံကို ကြားရလျှင် လေ့ကျင့်ထားသော ပင်လယ်ဖျံများ လာရောက်လေ့ရှိကြသည်။ လောကနတ်သည် စည်းခုပ်ကိုတီး၍ ရန်မီးကိုပြေစေကြောင်း သိမှတ်ထားရသည်။ ဂီတသည် ခံစားမှုအမျိုးမျိုးကို ပေးစွမ်းနိုင်သဖြင့် အလွမ်းသီချင်းကိုနားထောင်ရလျှင် လွမ်းဆွေးခြင်းကိုခံစားရသည်။ မြူးကြွသော တေးသီချင်းကို နားထောင်ရလျှင် စိတ်ဓာတ်ရေးရာ တက်ကြွမှုရှိလာသည်။ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များနိုးကြားစေသည့် တေးသီချင်းများကိုနားဆင်ရလျှင် တိုင်းပြည်နှင့်နိုင်ငံအပေါ် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်လိုစိတ်၊ လောကအကျိုးသယ်ပိုးလိုစိတ်များကိန်းအောင်ဝင်ရောက်လာနိုင်ပေသည်။

သို့ဖြစ်ရာ အနာဂတ်အတွက် အားကိုးအားထားပြုရမည့် လူငယ်များသည် အရာရာ၌ စူးစမ်းလေ့လာလိုစိတ် ပြင်းထန်သူများဖြစ်ပေရာ လမ်းမှားသို့မရောက်အောင် တည့်မတ်ထိန်းကျောင်းနိုင်သည့် ယဉ်ကျေးသိမ်မွေ့စေမည့် အနုပညာကို နှစ်သက်မြတ်နိုးသင့်ကြောင်း ရေးသားလိုက်ရပေသည်။

## ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းသို့ ဝါဆိုသင်္ကန်းကပ်နှင့် ရာသက်ပန်ဆွမ်းပဒေသာပင်အလှူငွေ လှူဒါန်း



**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ အောင်မြေသာစံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၊ အဆောက်အအုံသစ်တွင် ဘုရားအနေကဇာတင်၊ ဝါဆိုသင်္ကန်း ဆက်ကပ်ခြင်းနှင့် ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေလှူဒါန်းပွဲကို ယနေ့ နံနက် ၉နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပပြုလုပ်သည်။

ရှေးဦးစွာ ခရိုင်ရုံးသစ်ရှိ ဗုဒ္ဓရုပ်ပွားတော်အား သံဃာတော်အရှင်သူမြတ်များက အနေကဇာတင်ပူဇော်ကြပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ မန္တလေးတိုင်းဒေသကြီး၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တကောသ (ဓမ္မာစရိယ၊ B.A၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ)ထံမှ တရားတော်များ နာယူကြည်ညိုကြသည်။

ထို့နောက် အောင်မြေသာစံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ+ဒေါ်ခင်အုန်းမြနှင့် ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့် အလှူငွေ လှူဒါန်းကြကာ ရေစက်ချအနုမောဒနာတရား နာယူကြသည်။

၎င်းနောက် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတွင် ကျောင်းအုပ်ဆရာတော် အမှူးပြုသော သင်တန်းကထိကနည်းပြဆရာတော်နှင့် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ပြီး အောင်မြေသာစံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာအောင်ဆွေ+ဒေါ်ခင်အုန်းမြ၊ (သမီး) မဟန်မီမီငြိမ်း၊ မချစ်မြတ်စန္ဒီငြိမ်း မိသားစုတို့က ရာသက်ပန်ဆွမ်းပဒေသာပင် အလှူငွေအဖြစ် ယခင်လှူဒါန်းငွေကျပ် ၁၅ သိန်း၊ ယခုလှူဒါန်းငွေကျပ် ၁၀ သိန်း စုစုပေါင်းငွေကျပ် ၂၅ သိန်းကို ပေးအပ်လှူဒါန်းရာ ဥပဋ္ဌာကအဖွဲ့ အတွင်းရေးမှူး ဦးမျိုးဝင်းနိုင်က လက်ခံရယူပြီး သာဓုအနုမောဒနာ ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည်ပေးအပ်ကြောင်း သိရသည်။

**(အပေါ်ဝဲပုံ)**

**(ကဆ)**



## လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ ဟောပြောပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အောင်မြေသာစံမြို့နယ်၊ အမရဌာနီအနောက်ရပ်ကွက်ရှိ ရွှေဘုံသာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦးက အဖွင့်အမှာစကားပြောကြားပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်က သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာများအကြောင်းကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသူများက သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ်ဦးစီးအရာရှိက ပြန်လည်ရှင်းလင်းဖြေကြားပြီး အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်ကတ်မရှိသူများအတွက်ကိုလည်း လုပ်ဆောင်ပေးနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက တက်ရောက်လာသူများအား ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ သိကောင်းစရာ လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အဆိုပါ ဟောပြောပွဲအခမ်းအနားသို့ အောင်မြေသာစံမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဦးဇော်လင်းဦး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးသိန်းလွင်နှင့် ဝန်ထမ်းများ၊ အမရဌာနီအနောက်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်း (၈၀)ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(ဝ၃၇)**

## မြို့နယ်စာရေးဆရာအသင်း လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ စာရေးဆရာအသင်း လပတ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီက ၂၆ဘီလမ်းနှင့် လမ်း၉၀ ထောင့်ရှိ စာရေးဆရာဦးဟန်သောင်းနေအိမ်တွင် ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ကန်တော့ခံစာပေပညာရှင်ဦးဟန်သောင်းနှင့် ဒေါ်အေးအေးခိုင်(အေးအေးခိုင်-ပညာရေး)တို့က တစ်သက်တာစာပေပညာရှင်များ ဖြစ်အောင် စာပေရေးရာများရေးသားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးသန်း(မောင်သန်း-မဟာဝိဇ္ဇာ)က ဩဂုတ် ၂ရက်နှင့် ၃ရက်က တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုညီလာခံ အစည်းအဝေး(တတိယအကြိမ်) အတွေ့အကြုံကို ရှင်းပြသည်။

ထို့နောက် ဘဏ္ဍာရေးမှူး ဒေါ်မမနိုင်(မြန်မာ့ရုပ်သေးပညာရှင်)က စာရေးဆရာအသင်းဝင်များ၏ နှစ်စဉ်ကြေးများကို ကြွေးကျန်မရှိပေးသွင်းပြီး ကျန်းမာရေးချို့တဲ့သူများအား လိုအပ်သော ကူညီထောက်ပံ့မှုများ ပေးခဲ့ကြောင်း ရှင်းပြသည်။

အမှုဆောင်အဖွဲ့ဝင် ဒေါက်တာထွန်းမောင်နှင့် စိုင်းအောင်မိန်း(မိုတိုင်း)တို့က အချင်းချင်း စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စာပေရေးရာဆောင်ရွက်မှုတို့ကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ချမ်းသာရမြတ်စွာဘုရားဂေါပကအဖွဲ့ဝင် ဦးဌေးလွင်(အောင် ဆောက်လုပ်ရေး)၊ စာရေးဆရာ ဦးအောင်တိုး(စိန်ခြယ်)၊ ရွှေနေ ဦးမောင်မောင်ညို၊ ဦးစိုးလှ(ဥပဒေ)၊ ဒေါ်နုနုကြည်(အမေ့အိမ်)၊ ရွှေနေ မောင်ဉာဏ်သစ်၊ မြို့နယ်သတင်းထောက် ဦးမင်းဟန်၊ ကာတွန်းစွာစော်ကဲ၊ စာရေးဆရာ ဦးကိုကိုကြီး(မောင်ပြည်သူ)တို့က မြို့နယ်အကျိုးပြု စာပေရေးရာ ဆောင်ရွက်မှုများကို တင်ပြကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**(ဝ၄၃)**

သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီ ပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့်၇၄လမ်းကြား၊

# နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းခြင်းအခမ်းအနားကျင်းပ



နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများတွင် နိုင်ငံ့ဝန်ထမ်းများ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာများ တိုးပွားလာစေရန်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးအမှတ်(၉)လောကနတ်ခန်းမ၌ ကျင်းပသည်။

### တက်ရောက်

အဆိုပါအသိပညာပေးဆွေးနွေးပွဲသို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးနှင့် တာဝန်ရှိသူများက လာရောက်ဆွေးနွေးပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက အဖွင့်အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုသည် နိုင်ငံတော်ပိုင် ငွေကြေးနှင့် ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို တိုက်ရိုက်နစ်နာမှုရှိစေသည့်အပြင် တိုင်းပြည်စီးပွားရေးနှင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း သွယ်ဝိုက်အဟန့်အတားဖြစ်စေကြောင်း၊ အဂတိကင်းရှင်းသည့် ပြည်သူ့ဝန်ဆောင်မှုများနှင့် အစိုးရအင်စတီကျူးရှင်းတို့ရှိပါမှ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍ အသီးသီးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သည့် အုပ်ချုပ်ရေးစနစ် ပေါ်ထွက်လာရေးအတွက်လည်း အဓိကအတားအဆီး တစ်ခုဖြစ်သောကြောင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဥပဒေပြဋ္ဌာန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အစီအမံများအဖြစ် အဂတိလိုက်စားမှု တားဆီး ကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU)ကို ဖွဲ့စည်းထားရှိကာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး လုပ်ငန်းများကို အဆင့်ဆင့် ထိရောက်စွာ ကြီးကြပ်ကွပ်ကဲ ဆောင်ရွက်လျက် ရှိကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ ဦးစစ်အေးက အမှာစကား ပြောကြားရာတွင် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အသိပညာပေးခြင်း နည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် ယခုကဲ့သို့ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေး ဟောပြောပွဲများ ကျင်းပနိုင်ခြင်းသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သည့် အရွေ့တစ်ခု ဖြစ်ပါကြောင်း၊ အဂတိလိုက်စားမှုပုံစံအားလုံးသည် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုကို အဟန့်အတားဖြစ်စေပါကြောင်း၊ နိုင်ငံ့တာဝန် ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဟောပြောပွဲမှ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အသိအမြင်၊ ဗဟုသုတများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ကြစေလိုကြောင်းနှင့် ထပ်ဆင့်မျှဝေပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးကောင်းဇော်သန့်က အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် စုံစမ်းစစ်ဆေးရေးကဏ္ဍနှင့် စပ်လျဉ်း၍လည်းကောင်း၊ ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမိုးက အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်း အကြောင်းအရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများနှင့် တားဆီးကာကွယ်ရေး ကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွတ်သိန်း ဦးဆောင်၍ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) များနှင့် တွေ့ဆုံကာ တားဆီးကာကွယ်ရေး အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# ရတနာပုံကို အနိုင်ယူကာ အဆင့် ၃ တွင် ဆက်လက်ရပ်တည်ခဲ့သည့် ISPE




MNL (U-20) Youth League 2024 အမှတ်ပေး ဘောလုံးပြိုင်ပွဲ (Week-12)ပွဲစဉ်တစ်ပွဲအဖြစ် ယနေ့ညနေက ပဒုမ္မာကွင်း၌ ISPE အသင်းနှင့် ရတနာပုံအသင်းတို့ ကစားခဲ့ကြပြီး ISPE အသင်းက ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရခဲ့သည်။

ISPE အသင်းသည် ပွဲချိန် ၂ မိနစ်၌ပင် ဦးဆောင်ဂိုးစတင်ရခဲ့ပြီး စိုးမင်းထက်က သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးပေးခဲ့ရသည့်အတွက် ရတနာပုံအသင်းသည် ချေပဂိုးပြန်လည်ရရှိရန် ကြိုးပမ်းခဲ့ပြီး ပွဲချိန် ၃၂ မိနစ်တွင် ချေပဂိုးရခဲ့သည်။ ရတနာပုံအသင်းအတွက် ချေပဂိုးကို ကောင်းခန့်ဇော်က သွင်းယူပေးခဲ့သည်။ နှစ်သင်းစလုံးသည် အပြန်အလှန်ထိုးဖောက်၍ ဂိုးရမည့် အခွင့်အရေးများ ကိုယ်စီထပ်မံရရှိခဲ့ကြသော်လည်း ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေသာ ကျနေခဲ့သည်။

ဒုတိယပိုင်းတွင်လည်း တစ်သင်းနှင့်တစ်သင်း အပြန်အလှန် ထိုးဖောက်ကစားခဲ့ကြပြီး ပွဲချိန် ၇၇ မိနစ်တွင် ISPE အသင်းမှ ပင်နယ်တီရခဲ့သည်။ ယင်းပင်နယ်တီကို အသင်းခေါင်းဆောင် မာတီနိုက အမှားအယွင်းမရှိကန်သွင်းပေးကာ ISPE အသင်းအတွက် ဒုတိယဦးဆောင်ဂိုးကို သွင်းယူပေးခဲ့သည်။

လက်ကျန်မိနစ်များတွင် ရတနာပုံအသင်းမှ ချေပဂိုး ပြန်လည်မရခဲ့သည့်အတွက် ISPE အသင်းက ၂ ဂိုး၊ ၁ ဂိုးဖြင့် အနိုင်ရသွားခဲ့သည်။ (NGB)

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ရမည်းသင်း ဩဂုတ် ၂၂

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်တွင် ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီ၌ မိုးနှမ်းစိုက်ဧက ၁၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရမည်းသင်းမြို့နယ်၊ စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်း ၁၆၅၅၀ ဧက စိုက်ပျိုးရန် လျာထားပြီး၊ ယခုနှစ် မေလနောက်ဆုံးပတ်မှစ၍ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ မိုးနှမ်းစိုက်ဧက ၁၅၀၀၀ ကျော်ကို စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့်ဧကများကိုလည်း ဆက်လက်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ဒီနှစ် ရမည်းသင်းမြို့နယ်မှာ မိုးနှမ်း ၁၆၅၅၀ ဧကကို စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စိုက်ပျိုးပြီး ဧကအနေနဲ့ ၁၅၀၀၀ ကျော်ဧက ပြီးနေပါပြီ။ နှမ်းစိုက်ဧကတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပါတယ်။ ယခုနှစ် မိုးနှမ်းစိုက်တောင်သူတွေကို စိုက်ပျိုးရေးဦးစီးဌာနက GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်တဲ့မျိုးတွေ စိုက်ပျိုးနိုင်စေဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးပါတယ်။ ခုလိုမျိုး ဆီထွက်သီးနှံတွေ စိုက်ပျိုးနိုင်တာကြောင့် ပြည်တွင်းဆီစားသုံးမှုကိုလည်း တစ်ဖက်တစ်လမ်းကနေ အထောက်အကူဖြစ်စေပါတယ်"ဟု ၎င်းက ရှင်းပြသည်။

ထို GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့်သီးနှံများသည် ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များကိုပါ တင်ပို့ရောင်းချနိုင်သည်အထိ အရည်အသွေး ကောင်းမွန်ခြင်းကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးသည့် တောင်သူများ အကျိုးစီးပွား ပိုမိုဖြစ်ထွန်းကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ အဆိုပါမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးနှမ်းကို လျာထားချက်ပြည့်မီကျော်လွန်အောင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ (အောက်ပုံ)

(၀၇၃)



# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး



နေပြည်တော် ဩဂုတ် ၂၂

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

**တက်ရောက်**

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ ခေါင်းဆောင် ရခိုင်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် အလုပ်အဖွဲ့ကိုယ်စားလှယ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပထမနေ့ဆွေးနွေးပွဲ၌ မပြီးပြတ်သေးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖြည့်စွက်ရေးဆိုင်ရာ နှစ်ဖက်အဆိုပြုချက်များနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးဆိုင်ရာကိစ္စများကို နှစ်ဖက်အပြန်အလှန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ အထွေထွေဆွေးနွေးခြင်းတွင် လက်ရှိနိုင်ငံရေးအခြေအနေနှင့် လုံခြုံရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နှစ်ရက်တာ ဆွေးနွေးညှိနှိုင်းချက်များမှ ရရှိလာသည့် သဘောထားများကို စုစည်းချက်များအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့ခေါင်းဆောင် ရခိုင်ဦးဆောင်ပါတီဥက္ကဋ္ဌ ဒေါက်တာ အေးမောင်က ကျေးဇူးတင်စကားပြောကြားကာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးလှမိုး မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့ နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီးအတွင်း ဝါသီးနှံစိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပျော်ဘွယ်မြို့နယ် မင်းလှသာစည်ကျေးရွာသို့ ရောက်ရှိစစ်ဆေးပြီး မိမိတို့ဝန်ကြီးဌာနမှ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးရွာကုန်ထုတ်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသောမျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ အသေးစားတစ်ပိုင်တစ်နိုင် ကုန်ထုတ်လုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများအတွက် သမဝါယမအသင်းရန်ပုံငွေများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများဖြင့် လိုအပ်သည့် မတည်ရင်းနှီးငွေများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ မြင်းကပါကျေးရွာကို ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်း(Smart Village)၏ အဓိကကဏ္ဍကြီး(၆)ရပ်ဖြစ်သည့် ကျေးရွာအခြေခံအဆောက်အအုံဖွံ့ဖြိုးရေးလုပ်ငန်းများ၊ သွင်းအားစုနှင့် ငွေကြေးဝန်ဆောင်မှု ကူညီထောက်ပံ့မှုလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းနှင့် ကျေးလက်စီးပွားမြင့်မားရေးလုပ်ငန်းများ၊ အသင်းအဖွဲ့ခိုင်မာအားကောင်းစေခြင်းနှင့် နည်းပညာဖြန့်ဖြူးခြင်းလုပ်ငန်းများ၊ လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာနအလိုက် ဌာနပေါင်းစုံမှ အကောင်အထည်ဖော်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားပြီး ကျေးရွာတောင်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပျော်ဘွယ်မြို့ရှိ မန်းရတနာဝါဂွမ်းနှင့် ဝါမျိုးစေ့ရောင်းဝယ်ရေးစက်ရုံများသို့ ရောက်ရှိပြီး တိုးချဲ့ဆောင်ရွက်လိုသည့် ဝါကြိတ်စက်ကို သမဝါယမစနစ်ဖြင့် အရင်းအနှီးထောက်ပံ့ပေးနိုင်ရေးနှင့် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများ၏ တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပျော်ဘွယ်မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှဝန်ထမ်းများနှင့်တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ ဝန်ထမ်းများ၏တင်ပြချက်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ရမည်းသင်းမြို့နယ် ကူတိုကျေးရွာရှိ ရတနာရွှေကူစိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၌ကျင်းပသည့် ဝါစိုက်အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ဝါမျိုးစေ့ပေးအပ်ပွဲနှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးက အသင်းသား တောင်သူ ၈၆ ဦး၏ ဝါစိုက်ဧက ၂၃၂ ဧက အတွက် India နိုင်ငံထုတ် RAKA ဝါမျိုးစေ့များနှင့် သွင်းအားစု ဓာတ်မြေဩဇာများကိုပေးအပ်ခဲ့ပြီး(ဓဲပုံ) အသင်းသားတောင်သူများ၏ ဝါစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကူတိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းသို့ သွားရောက်ပြီး ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာ၌ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သည့် ဝင်ငွေတိုးစီမံကိန်းသင်တန်းမှ ထူးချွန်သူ သင်တန်းသား ငါးဦး စပျစ်ဝိုင်ထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသော ရင်ကွဲပင်ကျေးရွာ ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအခြေအနေကိုလည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် ဖြတ်ခွဲကျေးရွာ၌ သားတင်ဦး အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းနှင့် ကျောက်စိမ်းလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်းသမဝါယမအသင်းတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော အိမ်ရှင်မဆီစက်တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၂၂**

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။

**မိုး/ဧလ**

# ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)တွင် ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ခြင်း ဖွင့်ပွဲမင်္ဂလာအခမ်းအနား ကျင်းပ

**မန္တလေး ဩဂုတ် ၂၂**





မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ကကြီးမှူး၍ ဥပ္ပါတသန္တိကျမ်းမြတ်ရွတ်ဖတ်ပူဇော်ခြင်းဖွင့်ပွဲမင်္ဂလာအခမ်းအနားကို အမရပူရမြို့နယ်ရှိ မဟာမေ့ရုံသီကုန်းတော်မြတ်၌ တည်ထားကိုးကွယ်ထားသော ဝရဒါဠာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ ဂန္ဓကုဋိတိုက်တော်တွင် ယနေ့နံနက် ၉နာရီက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး၊ သံဃနာယကအဖွဲ့ဝင်၊ အမရပူရမြို့နယ် ဆင်ဖြူမယ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအဂ္ဂဉာဏ အမှူးပြုသော ဆရာတော် သံဃာတော် ၁၀ ပါး ကြွရောက်တော်မူကြပြီး မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီး သာသနာရေးမှူးနှင့် ဂေါပကအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဝတ်အသင်းများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကာ ဆင်ဖြူမယ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များက စိန်ရောင်ခြည်ဘုရားပင့်ဂါထာဖြင့် ဘုရားပင့်ဆောင်ခြင်း၊ နတ်ပြဟ္မာများ ပင့်ဆောင်ခြင်းများကို အစီအစဉ်အတိုင်း ဆောင်ရွက်တော်မူကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဆရာတော်၊ သံဃာတော်များ ရွတ်ပွားပူဇော်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆင်ဖြူမယ်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ကပ်လှူကြပြီးနောက် အလှည့်ကျ ဘာဏက ဆရာတော်များက ဥပ္ပါတသန္တိကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်ကြကြောင်းနှင့် ဥပ္ပါတသန္တိကျမ်းမြတ် ရွတ်ဖတ်ပူဇော်ခြင်းကို ဆရာတော် သံဃာတော် ၁၀ ပါးက ၁၀ ရက်တိုင် အလှည့်ကျရွတ်ဖတ်ပူဇော်သွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် စွယ်တော်မြတ်စေတီတော် ပရဝဏ်တွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ လူအင်အား၊ စက်ယန္တရားအင်အားများဖြင့် သန့်ရှင်းရေးဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀











## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီ၏ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယခင်အစည်းအဝေး(၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ ဆွေးနွေးသုံးသပ်ဆုံးဖြတ်ချက်များအပေါ် လုပ်ငန်းများဆောင်ရွက်ရာတွင် တိကျမှန်ကန်စွာ အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ တိုင်ကြားလာသည့်အမှုတွဲများနှင့် ဌာနအသီးသီးမှ ပြန်လည်စွန့်လွှတ်သည့် မြေများကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်သော ဥပဒေလုပ်ထုံးလုပ်နည်းများအတိုင်း တိကျမှန်ကန်စွာ စိစစ်ဆောင်ရွက်ပြီး မူဝါဒများနှင့်အညီ ပြန်လည်ပေးအပ်သွားနိုင်ရေး အမြန်ဆုံး ပြီးပြတ်အောင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ကော်မတီ၏ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးတို့က တိုင်းဒေသကြီးအတွင်း လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခြင်းခံရမှုများ ပြန်လည်စိစစ်ရေး ယခင်ကော်မတီက ဆောင်ရွက်ထားရှိမှု၊ ဖြေရှင်းဆောင်ရွက်ပြီးစီးမှုနှင့် ပြင်ဆင်ဖွဲ့စည်းပြီးနောက်ပိုင်း ဆောင်ရွက်နေမှုအခြေအနေများ၊ ဗဟိုကော်မတီသို့ တင်ပြတိုင်ကြားသည့်အမှုတွဲများအပေါ် ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား ဆွေးနွေးတင်ပြပြီး တက်ရောက်လာသူအဖွဲ့ဝင်များက ရှင်းလင်းတင်ပြအကြံပြုကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးချက်များနှင့် အကြံပြုချက်များအပေါ် ပေါင်းစပ်၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။




(အပေါ်ပုံ)

(မန္တလေးနေ့စဉ်)

## မိတ္ထီလာမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**မိတ္ထီလာ ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို ယနေ့ နံနက် ၉ နာရီခန့်က အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှခ်ဦးတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးပညာရေးမှူး ဦးကျော်မိုးထွန်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးနှင့် မိတ္ထီလာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး စုပေါင်းမှတ်တမ်းရိုက်ကြကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယပိုင်းအခမ်းအနားကို အဆိုပါကျောင်းရှိ ပညာရတနာခန်းမတွင် ကျင်းပရာ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူ၊ ကျောင်းသားများက "အလှဆုံးပန်းများပွင့်ကြပြီ"သီချင်းဖြင့် သီဆိုဖွင့်လှစ်ခဲ့ပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ နိုင်ငံ့အကျိုးအတွက် မျှော်မှန်းရည် ခိုင်မာတိုးတက်စေရမည် Video Clip ကို ပြသပေးခဲ့သည်။ ၎င်းနောက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြားရာတွင် "ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနားကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့ လမ်းညွှန်ချက်တစ်ခုဖြစ်ပြီး မူဝါဒဖြင့် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ယခု အ.ထ.က(၂)တွင် ကျင်းပတဲ့ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်မှာ မန္တလေးတိုင်းဒေသကြီးအတွင်း ပဉ္စမအကြိမ်မြောက်ကျင်းပတဲ့ပွဲတော် ဖြစ်ပါတယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသိပညာဗဟုသုတကြွယ်ဝတဲ့ အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်ပါတယ်။ အသိပညာဗဟုသုတကြွယ်ဝဖို့အတွက် စာပေကို စဉ်ဆက်မပျက်လေ့လာဖတ်ရှုကြရပါမယ်၊ ဘဝအတွက် စာဖတ်ရန်လိုအပ်တဲ့ စကားတစ်ခု မှတ်သားမိပါတယ်။ အဲ့ဒါက စာမတတ်သူဟာ ထိုင်နေတဲ့ လူနဲ့တူပါတယ်။ စာတတ်ပြီးစာမဖတ်တဲ့သူဟာ ရပ်နေတဲ့ လူနဲ့ တူပါတယ်။ စာတတ်ပြီး စာလည်းဖတ်ကြတဲ့သူတွေကတော့ လမ်းလျှောက်နေတဲ့လူတွေနဲ့ တူပါတယ်။ ဒါ့ကြောင့် စာပေကို အမြဲလေ့လာဖတ်ရှုကြဖို့ တိုက်တွန်းချင်ပါတယ်။ မိမိတို့နိုင်ငံဟာ ကျေးလက်နေပြည်သူတွေရှိတဲ့အတွက် ကျေးလက်နေပြည်သူတွေ စာအုပ်စာပေဖတ်ရှုဖို့နဲ့ စာအုပ်စာစောင်တွေ လက်လှမ်းမီထားရှိပေးဖို့ စာကြည့်တိုက်တွေ ခိုင်မာရှင်သန်ရေးဟာ အလွန်ပဲအရေးကြီးပါတယ်။ ဒါ့ကြောင့် စာအုပ်စာစောင်တွေပြည့်ပြည့်စုံစုံထားရှိပေးနိုင်ဖို့ စာဖတ်ရှိန်မြှင့်တင်ပေးနိုင်ဖို့အတွက် ယခုလို စာအုပ်လှူဒါန်းပွဲတွေ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွေကို ကျင်းပပေးခြင်းဖြစ်ပါကြောင်း" ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဝေဝေဖြိုးက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဥမ္မာမြင့်က လက်ခံခဲ့သည်။ ထို့နောက် အမျိုးသားစာပေဆုရှင် စာရေးဆရာ ဒေါက်တာမောင်သင်းက "စာဖတ်ရှိန်မြှင့်၍ စာကြည့်တိုက်တွေဖွံ့ဖြိုးပါမှ ပညာတတ်နိုင်ငံတော်ဘဝရောက်မည်" ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်ဇော်ဦးက အမှတ်တရဂုဏ်ပြုချီးမြှင့်ခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများက သီချင်းများဖြင့်သီဆိုဖျော်ဖြေခဲ့ကြသည်။ ၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပွဲတော်အတွင်းရှိ ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နေသည့် ကျောင်းသား၊ ကျောင်းသူများ၊ ပြပွဲများတွင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်တွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ ကဗျာရွတ်ပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ အထွေထွေဗဟုသုတဉာဏ်စမ်းပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စာဖတ်ဝိုင်း၊ ပျော်ပွဲရွှင်ပွဲ ဂိမ်းပြိုင်ပွဲများ၊ တက္ကသိုလ်၊ ကောလိပ်၊ အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများ၊ သင်တန်းကျောင်းများမှ ခင်းကျင်းပြသသည့် ပြခန်းများ၊ စာအုပ်အရောင်းဆိုင်များဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ကို စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(၄၆၉)

ဝ-ဝ-ဝ-ဝ

## မြန်မာ ယူ-၁၂ အသင်းက ဒရာဂွန်ကာရှိဝါအသင်းအား တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ

2024 U-12 Junior Soccer World Challenge ပြိုင်ပွဲအား ယနေ့တွင် ဆက်လက်ကျင်းပရာ အဆင့်သတ်မှတ်ချက်အတွက် မြန်မာ ယူ-၁၂ အသင်းနှင့် ဂျပန်ကလပ် ဒရာဂွန်ကာရှိဝါအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး မြန်မာ ယူ-၁၂ အသင်းက ဒရာဂွန်ကာရှိဝါအသင်းအား တစ်ဂိုး၊ ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာ ယူ-၁၂ အသင်းသည် ၃၂ သင်းအဆင့်မှ ထွက်ခွာခဲ့ရပြီးနောက် ယခုပွဲစဉ်အား အဆင့်သတ်မှတ်ချက်အတွက် ယှဉ်ပြိုင်ကစားခဲ့ရာ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၂ အသင်းရရှိသည့်အဆင့်ကိုမူ ပြိုင်ပွဲအားလုံးပြီးဆုံးမှသာ အတည်ပြုသွားနိုင်မည်ဖြစ်သည်။

မြန်မာ ယူ-၁၂ အသင်းသည် အုပ်စုပွဲများတွင် နှစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ် ၇ မှတ်ဖြင့် အုပ်စုပထမရယူပြီး နောက်တစ်ဆင့်တက်ရောက်နိုင်ခဲ့သော်လည်း ၃၂ သင်းအဆင့်တွင် FC Zero အသင်းအား ရှုံးနိမ့်ခဲ့မှုကြောင့် ၁၆ သင်းအဆင့် တက်ရောက်နိုင်မည့် အခွင့်အရေး ဆုံးရှုံးခဲ့ရသည်။

(NGB)

0-0-0-0

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် တင်မြှောက်ခံရသူများနှင့် ရွေးချယ်တင်မြှောက်ပွဲတွင် ပါဝင်အရွေးချယ်ခံခွင့်ရှိသူများစာရင်းကို အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ် ဖွဲ့စည်းရေးအတွက် ကိုယ်စားလှယ်လောင်းအဆိုပြုလွှာများ တင်သွင်းနိုင်ရန် ၁-၇-၂၀၂၄ ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိခဲ့ပြီး အဆိုပြုလွှာများကို ၃၀-၇-၂၀၂၄ ရက်နေ့အတွင်း ပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၅၈)ဦး ရှိခဲ့ပါသည်။

၂။ သတင်းမီဒီယာဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ကောင်စီဝင်အဖြစ် အမည်စာရင်းပေးပို့ခံရသူ(၃)ဦးမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာတင်ထွန်းဦး
(ခ) ဦးခင်မောင်ကျော်ဒင်
(ဂ) ဦးခင်မောင်ဇော်

၃။ သတင်းမီဒီယာနည်းဥပဒေများ၊ နည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအသစ်ဖွဲ့စည်းရန် ကောင်စီဝင်အရေအတွက် အချိုးအစားအရ ပေးပို့လာသည့် နယ်ပယ်ကိုယ်စားပြုသူ (၁၀)ဦးအမည်စာရင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ဒေါက်တာတင်အောင်ခိုင် | မြန်မာနိုင်ငံစာနယ်ဇင်းသမဂ္ဂ |
| (ခ) | ဦးသိုက်ထွန်း | မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း |
| (ဂ) | ဒေါက်တာဇော်သန်း | မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ |
| (ဃ) | ဦးကြည်ညွန့် | မြန်မာနိုင်ငံ ပုံနှိပ်သူနှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း |
| (င) | ဦးဥက္ကာအေး | မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း |
| (စ) | ဦးတင်ကိုကို | မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် |
| (ဆ) | ဦးမြတ်စိုး(မြတ်စိုး-လှိုင်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဇ) | ဦးအောင်ကြည် (အောင်ကြည်ညွန့်-တက္ကသိုလ်) | မြန်မာနိုင်ငံစာရေးဆရာအသင်း |
| (ဈ) | ပါမောက္ခဒေါက်တာမြသိန်းဟန် | မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ |
| (ည) | ဒေါက်တာစန်းဦး | မြန်မာနိုင်ငံနည်းပညာ ပညာရှင်အဖွဲ့ |

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပြုလွှာပေးပို့လာသူ(၅၈)ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၁၊ နည်းဥပဒေခွဲ(က)နှင့်အညီ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအတွက် လိုအပ်သောလုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်(၂/၂၀၂၄)အရ အောက်ဖော်ပြပါ(၉)ဦးကို သတင်းမီဒီယာ ကောင်စီဝင်များအဖြစ် အဖွဲ့မှရွေးချယ်ရန် ဆုံးဖြတ်ခဲ့သည့်အမည်စာရင်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ဒေါက်တာခင်မောင်လွင်
(ခ) ဦးမြင့်သိန်း(မောင်မောင်မြင့်သိန်း)
(ဂ) ဦးစိန်တိုး(ဆန်းလင်း)
(ဃ) ဦးစန်းလွင်
(င) ဦးလှထွန်းဦး(ကာတွန်းလှထွဋ်)
(စ) ဦးရဲမင်းစိုး(မောင်မောက်ဝတ်လုံ)
(ဆ) ဦးပြည်စိုးဟန်
(ဇ) ဒေါ်နှင်းအေးခိုင်
(ဈ) ဒေါ်နီလာမျိုးဦး

၅။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ရွေးချယ်တင်မြှောက်ပွဲကျင်းပပြုလုပ်ပြီး ရွေးချယ်ရန်ဆုံးဖြတ်ခဲ့သည့် တစ်ဦးချင်းကိုယ်စားလှယ်လောင်း(၁၄)ဦး အမည်စာရင်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဒေါ်ကေသီခိုင်
(ခ) ဦးထင်ကျော်မိုး(မြေလတ်ထင်ကျော်မိုး)
(ဂ) ဒေါက်တာတင်အောင်ရွှေ(တင်အောင်ရွှေ-သုတေသီ)
(ဃ) ဦးတင်ဝင်း(တင်ဝင်းလေး-ကြည့်မြင်တိုင်)
(င) ဦးအေးချမ်း
(စ) ဦးသိန်းလွင်(မောင်သိန်းလွင်-လှည်းကူး)
(ဆ) ဦးအောင်စည်ဟိန်း
(ဇ) ဦးမောင်မောင်ဦး(ဟိန်းလတ်)
(ဈ) ဦးမင်းသန့်(စစ်မင်းနောင်)
(ည) ဦးခင်မောင်မြင့်
(ဋ) ဦးအောင်သန်းဦး(ပုသိမ်အောင်သန်းဦး)
(ဌ) ဦးနေဝင်း(ခ)ဦးရန်ကျော်
(ဍ) ဦးတင်စိုး
(ဎ) ဦးသိန်းဆွေမြင့်(ဇေယျာလင်းထွန်း)

၆။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက် အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်း စသည့်စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏သဘောတူဆုံးဖြတ်မှုဖြင့် (၃၄)ဦးအား ပယ်ခဲ့ပါသည်။

**မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်ရွေးချယ်တင်မြှောက်ရေးအဖွဲ့**

## နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို လာရောက်ဂုဏ်ပြုပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၁ ရက် ညနေပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂)နှင့် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများ၊ စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။




ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများကို တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးထံ ပေးအပ်စဉ်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၁၅၀ နှင့် ငွေကျပ် ၁၁၅ သိန်းတန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၂) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၇၆) ကျောင်းဆင်းအရာရှိများနှင့် မိသားစုများက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၈ သိန်းကိုလည်းကောင်း၊ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးနှင့် အလှူရှင်များက တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်သည်။ ယင်းနောက် တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

အလားတူ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗလမင်းထင်ခန်းမ၌ ပြုလုပ်ရာ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ကျေးဇူးတင်စကား ပြောကြား**

ထိုသို့ပေးအပ်လှူဒါန်းရာတွင် ကချင်ပြည်နယ်အစိုးရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ငွေကျပ်သိန်း ၃၀၀ နှင့် ငွေကျပ် ၂၃၇၅၉၀၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

ထို့အပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် ရွှေတြိဂံရိပ်သာ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့ ပေးအပ်လှူဒါန်းရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ စေတနာရှင် အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၃၂၆၉၉၈၀၀၀ နှင့် စားသောက်ဖွယ်ရာများကို ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာ အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများလှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်



နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ် ထက်သန်စွာဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့်စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းနိုင်ရေး ဩဂုတ် ၂၀ ရက်တွင် ပညာရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး ဝန်ထမ်းမိသားစုများကိုယ်တိုင် စိတ်အားထက်သန်စွာဖြင့် စားသောက်ဖွယ်ရာများ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် ဌာနအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။ (အပေါ်ပုံ)

ပညာရေးဝန်ကြီးဌာနဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် မှျင်ငါးပိထောင်း ဘူး ၁၀၀၀၊ မုန့်ပါကင် ၆၀၀၊ အသားတု ပဲပုပ်ကြော် ဘူး ၅၀၀၊ ငါးခြောက်ထောင်းကျော် ဘူး ၅၀၀၊ ငါးသေတ္တာဘူး ၅၀၀၊ ငါးပိလက်ဖက် အတွဲ ၂၀၀၊ ဆိတ်သားနှပ် ၁၃၃ ဘူး၊ ကြက်သားဟင်း ၁၂၃ ဘူး၊ ပဲဟင်း ၁၂၈ ဘူး၊ ငါးမွှေချက် ၁၁၆ ဘူး၊ ငါးကြင်းပေါင်း ၁၁၂ ဘူး၊ ငါးဆုပ် ၁၁၂ ဘူး၊ ငါးပိထောင်းဘူး ၁၀၀၊ ဆန်ပြုတ်အထုပ် ၁၀၀၊ လက်ဖက်နှပ် အတွဲ ၅၀၊ ငါးနီတူချဉ်စပ်အတွဲ ၅၀၊ မာမား ကြက်ဆီချက် ဖာ ၄၀၊ မာမား ပုဇွန်ချဉ်စပ် ဖာ ၄၀၊ ငါးပိထောင်း ၃၆ တွဲ၊ ငါးကြင်းပဲငါးပိ ၂၄ ဘူး၊ ကော်ဖီမစ် ပါကင် ၂၀၊ တီးမစ် ပါကင် ၂၀၊ ငါးကြင်းစတူး ၁၈ ဘူး၊ တူနာငါး ၁၁ ဘူး၊ ကြာဆံငါးဖာ စသည့်ပစ္စည်းတန်ဖိုးငွေကျပ် ၁၁၅ သိန်းနှင့် ငွေသား သိန်း ၁၅၀ ဖြင့် စုစုပေါင်း ၂၆၅ သိန်းကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည့်အပြင် ဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများက တိုင်းပြည်အတွက် အမြဲတမ်းအဆင်သင့်ရှိပေးခဲ့တဲ့ တပ်မတော်သားများကို အမြဲဂုဏ်ယူလေးစားလျက်ပါ။ အားလုံး ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားများ၏ ဂုဏ်ကျေးဇူးကြောင့် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

အဆိုပါစားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူရှင်ရပ်ကွက်မိသားစုများက စားသောက်ဖွယ်ရာများ လှူဒါန်း

နေပြည်တော် ဩဂုတ် ၂၂

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွန့်လွှတ်စွန့်စားလိုစိတ်ထက်သန်စွာဖြင့် စွမ်းစွမ်းတမံထမ်းဆောင်နေကြသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင် ပြည်သူများနှင့် ဝန်ကြီးဌာနအလိုက် ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်နေကြသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ယနေ့တွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက စေတနာ၊ မေတ္တာအပြည့်ဖြင့် ဆင်ဖြူရှင်ရပ်ကွက်ရှိ ဓမ္မရက္ခိတ ဓမ္မာရုံ၌ စားသောက်ဖွယ်ရာများ စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်ကြသည်။

ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးပိကြော်၊ ငါးခြောက်ကြော်၊ အသားတုကြော်၊ အသင့်စား ခေါက်ဆွဲခြောက်ထုပ်များနှင့် ဆေးပေါ့လိပ်များကို ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

အဆိုပါ စားသောက်ဖွယ်ရာများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် နေပြည်တော် ပုဗ္ဗသီရိမြို့နယ်ရှိ ဆင်ဖြူရှင်ရပ်ကွက် မိသားစုများက စားသောက်ဖွယ်ရာများ စုပေါင်းချက်ပြုတ်ကြော်လှော်နေမှု (ယာပုံ)နှင့် ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု(အောက်ပုံ)ကို တွေ့ရစဉ်။





# ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်(တံတားဦး)တို့တွင် Mpox (မျောက်ကျောက်)ရောဂါကာကွယ်ရေး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၂

ကျန်းမာရေး ဝန်ကြီးဌာန အနေဖြင့် ၂၀၂၂ ခုနှစ် မေလ အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အာဖရိကဒေသပြင်ပရှိ နိုင်ငံအချို့တွင် မျောက်ကျောက်ရောဂါ ကူးစက်ဖြစ်ပွားမှု(Multi-country outbreak)ရှိနေကြောင်း ထုတ်ပြန်ကြေညာခဲ့စဉ်ကပင်မျောက်ကျောက်ရောဂါဖြစ်ပွားမှု စောစီးစွာသိရှိ တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ဖျားခြင်းနှင့် အနီစက်/အရည်ကြည်ဖုထွက်ခြင်း ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုခြင်း(Fever with Vesicular Rash Surveillance)နှင့် အမျိုးသားကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)တွင် ဓာတ်ခွဲနမူနာများအား စစ်ဆေးခြင်းလုပ်ငန်းကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနများနှင့် ပြည်သူ့ဆေးရုံများတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။



မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form) အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က Mpox (မျောက်ကျောက်) ရောဂါအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ(PHEIC) အဖြစ် ဩဂုတ် ၁၄ ရက်တွင် သတ်မှတ်ကြေညာခဲ့သည့်အတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နီးနွှယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသူများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မန္တလေး အပြည်ပြည်ဆိုင်ရာ လေဆိပ်(တံတားဦး)နှင့် ကရင်ပြည်နယ် မြဝတီမြို့ နယ်စပ်ဝင်ထွက်ဂိတ်တွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ မွေတော်ကျွန်း လူဝင်/လူထွက် စစ်ဆေးရေးကင်းစခန်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ တံတားအမှတ်(၁) နယ်စပ်ဝင်ထွက်ဂိတ်တွင် လည်းကောင်း Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေးကိုယ်အပူချိန် တိုင်းတာခြင်း(Mass Thermal Screening)၊ ပြည်ပဆိုက်ရောက် ခရီးသည်များ၏ ကျန်းမာရေး ကြေညာချက်(Health Declaration Form)အား ကျန်းမာရေး တာဝန်ရှိသူများက စစ်ဆေးခြင်း၊ ခရီးသည်များအား Mpox (မျောက်ကျောက်)ရောဂါနှင့် ပတ်သက်၍ နှိုးဆော်ထားရှိခြင်း အစရှိသော ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းများ အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox(မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေ နည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများ ရှိနေသဖြင့်ပြည်သူလူထုအနေဖြင့်ရောဂါ ကူးစက်ဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် ကျန်းမာရေးအသိပညာပေးခြင်း၊ နိုင်ငံအတွင်းသို့ရောဂါကူးစက်ဝင်ရောက်မှု မရှိစေရေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ရောဂါဖြစ်ပွားမှု စောင့်ကြပ်ကြည့်ရှုခြင်း၊ ထိန်းချုပ်တုံ့ပြန်ဆောင်ရွက်ခြင်း လုပ်ငန်းများကိုဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်




ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ဆိုက်ရောက်ခရီးသည် စက်လှေကားအဆင်း၌ ကိုယ်အပူချိန် တိုင်းတာခြင်း(Mass Thermal Screening) ဆောင်ရွက်နေစဉ်။



ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပြည်ပဆိုက်ရောက်ခရီးသည်များ၏ ကျန်းမာရေးကြေညာချက် (Health Declaration Form)အား ကျန်းမာရေးတာဝန်ရှိသူများက စစ်ဆေးနေစဉ်။

## Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင် အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများ ပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox(မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ခြင်းကို ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ၊ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန
ဩဂုတ်လ၊ ၂၀၂၄

# နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်းဝင်ရောက်၍ ငွေများခိုးယူသူ နှစ်ဦးအား ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် ဩဂုတ် ၂၂

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက် CL-2 တိုက်(၁၀) အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော် (၅၃ နှစ်) သည် ဩဂုတ် ၁၉ ရက် ည ၇ နာရီခွဲတွင် ရုံးမှ နေအိမ်တိုက်ခန်းသို့ ပြန်လည်ရောက်ရှိစဉ် အိပ်ခန်းရှိ ဗီရိုအတွင်းထားရှိသော ငွေကျပ် ၄၈၅၈၀၀၀၀ အနက် ငွေကျပ် ၈၀၀၀၀ ကိုသာ တွေ့ရှိရပြီး ငွေ ၄၈၅ သိန်းကျပ်မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် တိုင်တန်းချက်အရ ဇမ္ဗူသီရိမြို့နယ် အမှတ်(၉) နယ်မြေရဲစခန်း (ပ)၃၈/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀ ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။



နေပြည်တော် ဇမ္ဗူသီရိမြို့နယ်၌ တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ နှစ်ဦးအား ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးအတွက် အခင်းဖြစ်ရပ်မှတ်တမ်းများ စစ်ဆေးခြင်း၊ ၎င်းတိုက်တွင် ဧည့်စိမ်းရောက်ရှိနေထိုင်မှု ရှိ/မရှိတို့ကို စစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ CL-2 တိုက်(၁၀) အခန်း(၀၄)နေ စန်းစန်းမော်(၃၈ နှစ်)၏ နေအိမ်တိုက်ခန်းတွင် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေး(၄၀ နှစ်)ရောက်ရှိနေထိုင်လျက်ရှိကြောင်းသိရှိရ၍ စန်းစန်းမော်နှင့် တင်ထွေးတို့ကို ခေါ်ယူစစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ စန်းစန်းမော်သည် အစ်ကိုဝမ်းကွဲဖြစ်သူ တင်ထွေးအား အခန်း(၁၄)နေ ဒေါ်ဝင်းဝင်းမော်၏ တိုက်ခန်းအတွင်း ငွေများဝင်ရောက်ခိုးယူရန် စေခိုင်းသဖြင့် ဩဂုတ် ၁၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် အဆိုပါတိုက်ခန်းအတွင်း လူမရှိချိန်၌ အခန်းတံခါးသော့ဖျက်ဝင်ရောက်ကာ ငွေကျပ် ၄၈၅ သိန်း ခိုးယူခဲ့ပြီး စန်းစန်းမော်နှင့်အတူ CL-4 တိုက် နောက်ကျောဘက်ရှိ ချုံထဲတွင် ကြွပ်ကြွပ်အိတ် အစိမ်းရောင်ဖြင့်ထုပ်၍ ဝှက်ထားကြောင်း သိရှိရ၍ သက်သေခံပစ္စည်းများအား သက်သေများနှင့်အတူ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်တွင် တိုက်ခန်းအတွင်း ဝင်ရောက်၍ ငွေများခိုးယူသူ တရားခံ တင်ထွေးနှင့် စန်းစန်းမော်တို့နှစ်ဦးကို သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ပေါင်းတည်မြို့နယ်နှင့် ကလေးမြို့တို့ရှိ ကျေးရွာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများ လုပ်ကြံရေးသား

နေပြည်တော် ဩဂုတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပုံချိတက်ကျေးရွာရှိ နေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်းနှင့် ကားတစ်စီး၊ ဆိုင်ကယ်တစ်စီးတို့ကိုလည်း ဖျက်ဆီးခဲ့သည့်ဖြစ်စဉ် ဩဂုတ် ၂၀ ရက်က ဖြစ်ပွားခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းအမှားများကို ပြည်သူများ အထင်အမြင် လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပေါင်းတည်မြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဩဂုတ် ၂၀ ရက်က ပုံချိတက် ကျေးရွာအနီးတစ်ပိုက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေး ဆောင်ရွက်ခဲ့သော်လည်း ၎င်းကျေးရွာမှ နေအိမ်များ၊ ကားနှင့် ဆိုင်ကယ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ခြင်းမရှိကြောင်း သိရသည်။







အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ သုံးအိမ်စုကျေးရွာနှင့် ရှားတောကျေးရွာတို့ကို ဩဂုတ် ၂၀ ရက်က လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် စွပ်စွဲရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ဖြစ်စဉ်အမှန်မှာ ဩဂုတ် ၂၀ ရက်က ရှားတောကျေးရွာအတွင်း အကြမ်းဖက်သမားများ ရောက်ရှိနေပြီး ဒေသခံပြည်သူများအား အဓမ္မလူသစ်စုဆောင်းခြင်းနှင့် ငွေကြေး ကောက်ခံခြင်းများ လုပ်ဆောင်နေကြောင်း သတင်းအရ နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက ရှားတောကျေးရွာအတွင်းရောက်ရှိနေသည့် အကြမ်းဖက်သမားများကို ဝိုင်းဝန်းပိတ်ဆို့တိုက်ခိုက်ခဲ့ရာ အပြန်အလှန် ပစ်ခတ်မှုများဖြစ်ပွားခဲ့ပြီး အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုများစွာဖြင့် အနောက်တောင်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ၎င်းတို့ဆုတ်ခွာထွက်ပြေးစဉ် လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များ လိုက်လံတိုက်ခိုက်ခြင်းမရှိစေရန်အတွက် ရှားတောကျေးရွာမှ နေအိမ်များကို မီးရှို့ဖျက်ဆီးသွားခဲ့သည့် အတွက် နေအိမ်အချို့ မီးလောင်ပျက်စီးခဲ့ရကြောင်းနှင့် ၎င်းတို့ထံမှ အကြမ်းဖက်သမား အလောင်း နှစ်လောင်း၊ သေနတ် လေးလက်၊ လက်ပစ်ဗုံး နှစ်လုံးနှင့် ဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့သည့် မြို့ရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီး ပစ်ခတ်မှုကြောင့် ပြည်သူများ ထိခိုက်သေဆုံးခြင်း စသည့် တစ်ဖက်သတ် စွပ်စွဲရေးသားထားသည့် သတင်းတု၊ သတင်းအမှားများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



# အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**အောင်လံ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့် အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီက အောင်လံမြို့ အ-ထ-က(၁)ရွှေရတုခန်းမ၌ ကျင်းပခဲ့ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက တက် ရောက်ခဲ့သည်။

အခမ်းအနားတွင် ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့(CPU)အဖွဲ့ခေါင်းဆောင် (ခရိုင်အုပ်ချုပ်ရေးမှူး) ကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်မွန်မွန်အုန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီထွန်းက အဂတိလိုက်စားမှု အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့် အဂတိလိုက်စားမှုဆိုသော အဓိပ္ပာယ်ဖွင့်ဆိုချက်တို့အား ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်းဦးက အဂတိလိုက်စားမှုနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ လုပ်ငန်းများ ဆက်စပ်ပတ်သက်ဆောင်ရွက်ချက်များအား ဆွေးနွေးပြောကြားခဲ့ပြီး ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဦးဆန်းဝင်းက အဂတိလိုက်စားမှုနှင့်ပတ်သက်၍ ပြဋ္ဌာန်းထားသည့် ပုဒ်မများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ခရိုင်စာရင်းစစ်ရုံးမှ တာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြမြဝေက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် ပြည်တွင်းအခွန်များဦးစီးဌာန၊ ခေတ္တခရိုင်ဦးစီးမှူး ဦးသိန်းဦးက အခွန်ရှောင်ရှားခြင်း၊ တိမ်းရှောင်ခြင်းတို့သည် အဂတိလိုက်စားမှုဖြစ်ကြောင်း အကျယ်တဝင့်ပြောကြားခဲ့သည်။

ထို့နောက် ခရိုင်အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ဖေက အဂတိလိုက်စားမှုနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးခဲ့ပြီး တက်ရောက်လာသူများက သိရှိလိုသည်များ မေးမြန်းခဲ့ရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**အာကာ(ပြန်/ဆက်)**


# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်

ရန်ကုန် ဩဂုတ် ၂၂

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့် တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ကာဒစ်စတန်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ Erbil မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မလွင်လွင်ကြည်အား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့ (IOM)၊ အီရတ်အာဏာပိုင်နှင့် ရွှေ့ပြောင်းအလုပ်သမားများအရေး ကူညီဆောင်ရွက်ပေးနေသည့် လူမှုရေးအဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ အခြေစိုက် SEED လူမှုကူညီရေးအဖွဲ့အစည်းတို့နှင့် ပူးပေါင်းဆောင်ရွက်၍ မလွင်လွင်ကြည်အား ပိတ်လှောင်ခံထားရသည့် အေဂျင်စီရုံးမှ ကယ်တင်ခဲ့သည့်အပြင် IOM နှင့် SEED အဖွဲ့အစည်းများကလည်း အီရတ်နိုင်ငံ၏ ပြည်တွင်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာသံရုံးနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ရာ မလွင်လွင်ကြည်သည် ဩဂုတ် ၁၈ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီ ၀၅ မိနစ်တွင် အီရတ်နိုင်ငံ Erbil မြို့မှ တူရကီယဲနိုင်ငံ Istanbul မြို့ လေဆိပ်သို့ ရောက်ရှိခဲ့ပြီး ထိုမှ တစ်ဆင့် ဘန်ကောက် - ရန်ကုန် လေကြောင်းခရီးစဉ်ဖြင့် မြန်မာနိုင်ငံသို့ ထွက်ခွာခဲ့ရာ ယနေ့ ည ၉ နာရီ မိနစ် ၄၀ တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်း နိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင် အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လိုက်လှဲစွာ အထူးကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။



ဓာတ်ပုံ-ကနွေး

ညီမ်းသူ(သတင်းစဉ်)




## 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Pavel Kotov တက်ရောက်



**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်ကစားသမား Pavel Kotov တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Pavel Kotov သည် 2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် အမေရိကန်တင်းနစ်ကစားသမားZachary Svajda အား ၃-၆၊ ၆-၃၊ ၆-၄ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Winston-Salem Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Pavel Kotov နှင့် အီတလီတင်းနစ်ကစားသမား Lorenzo Sonego တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## ဂျာအိုဗီးလစ် ချဲလ်ဆီးအသင်းတွင် ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဩဂုတ် ၂၂**

ကွင်းလယ်တိုက်စစ်ကစားသမားသစ် ဂျာအိုဗီးလစ် ချဲလ်ဆီးအသင်းတွင် ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ ကွင်းလယ်တိုက်စစ်ကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ချဲလ်ဆီးအသင်းသို့ ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၅၀ ဝန်းကျင်ဖြင့် ၆နှစ်+၁နှစ် စာချုပ် ချုပ်ဆိုကာ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

ကွင်းလယ်တိုက်စစ်ကစားသမား ဂျာအိုဗီးလစ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်သလက်တီကိုမက်ဒရစ်အသင်းမှ



ဘာစီလိုနာအသင်းသို့ အငှားပြောင်းရွှေ့ကစားပြီး ပြိုင်ပွဲစုံ ၄၄ ပွဲကစားကာ ၁၀ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ချဲလ်ဆီးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၂၄)နှစ်အရွယ်ရှိ ဂျာအိုဗီးလစ်က ကျွန်တော် ချဲလ်ဆီးအသင်းမှာ ကျောနံပါတ် ၁၄ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ဒီအသင်းကို ပြောင်းရွှေ့ခွင့်ရလို့လည်း အလွန်ပျော်ရွှင်မိပါတယ်။ ကျွန်တော်ကို နွေးထွေးစွာကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်ဟု ပြောသည်။

**(အောက်ဝဲပုံ)(NGB)**

## ဒန်နီယယ်ရူဂါနီအား တစ်ရာသီအငှားစာချုပ်ဖြင့် အေဂျက်စ်အသင်း ခေါ်ယူ



**တူရင် ဩဂုတ် ၂၂**

အေဂျက်စ်အသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ဒန်နီယယ်ရူဂါနီအား တစ်ရာသီအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၃၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၁၅-၂၀၁၆မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲပေါင်း ၁၄၈ ပွဲကစားကာ ၁၁ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အေဂျက်စ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အေဂျက်စ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ၄ ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## ဖာကွန်ဒိုပယ်လီစထရီ ပါနာသီနာကို့စ်အသင်းသို့ ပြောင်းရွှေ့

**လန်ဒန် ဩဂုတ် ၂၂**

မန်ချက်စတာယူနိုက်တက်အသင်း တောင်ပံကစားသမား ဖာကွန်ဒိုပယ်လီစထရီသည် လက်ရှိဈေးကွက်အတွင်းတွင် ဂရိကလပ် ပါနာသီနာကို့စ်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီ ဖြစ်သည်။

မန်ချက်စတာယူနိုက်တက်အသင်းသည် ဖာကွန်ဒိုပယ်လီစထရီ အား ၂၀၂၇ ခုနှစ်တွင် ပြန်လည်ခေါ်ယူခွင့်ရှိသည့်အချက်အပြင် ပါနာသီနာကို့စ်အသင်းမှ အခြားကလပ်အသင်း တစ်သင်း ပြန်လည်ရောင်းချပါက ပြောင်းရွှေ့ကြေး၏ ၄၅ ရာခိုင်နှုန်းခံစားခွင့်ရှိမည့်အချက်ကိုလည်း ထည့်သွင်းချုပ်ဆိုခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ ဖာကွန်ဒိုပယ်လီစထရီကလည်း မန်ချက်စတာယူနိုက်တက်အသင်းတွင် ပုံမှန်ပွဲထွက်ခွင့်မရရှိခြင်းကြောင့် ပုံမှန်ပွဲထွက်ခွင့်ရရှိရန် သေချာသည့် ပါနာသီနာကို့စ်အသင်းသို့ ပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## အယ်မီလီယာနိုမာတီနက်ဇ် အက်စတွန်ဗီလာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို




**လန်ဒန် ဩဂုတ် ၂၂**

အက်စတွန်ဗီလာအသင်းသည် အသင်းဂိုးသမား အယ်မီလီယာနိုမာတီနက်ဇ်အား ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ ဂိုးသမားသည် အက်စတွန်ဗီလာအသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၆၀ ကစားပြီး အကောင်းဆုံးလက်စွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းမှ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၃၁)နှစ်အရွယ်ရှိ အယ်မီလီယာနိုမာတီနက်ဇ်က ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့လို့ အတိုင်းမသိပျော်ရွှင်မိပါတယ်။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများစွာလည်း ရယူသွားချင်ပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာ ပဲကုန်ဆုံးသွားလိုပါတယ်ဟု ပြောသည်။ **(အပေါ်ဝဲပုံ)(NGB)**



## ဂိုးသမား နျူအာ ဂျာမနီလက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူ

**လန်ဒန် ဩဂုတ် ၂၂**

ဂျာမနီလက်ရွေးစင်အသင်း ဂိုးသမား နျူအာက မိမိအနေဖြင့် နိုင်ငံ့လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း အတည်ပြုပြောကြားခဲ့သည်။

အဆိုပါ ဂိုးသမားသည် ဂျာမနီလက်ရွေးစင်အသင်းနှင့်အတူ ၂၀၀၉ မှ ၂၀၂၄ ခုနှစ်အတွင်း ပြိုင်ပွဲပေါင်း ၁၂၄ ပွဲ ကစားပြီး လက်စွမ်းပြနိုင်ခဲ့သလို၊ အသင်းနှင့်အတူ အောင်မြင်မှုများစွာ ရယူနိုင်ခဲ့ပြီးနောက် လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူခြင်း ဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဂိုးသမား နျူအာက ကျွန်တော် နိုင်ငံ့လက်ရွေးစင်အသင်း ကစားသမားဘဝမှ အနားယူပါပြီ။ လက်ရွေးစင်အသင်းအနေနဲ့လည်း အနာဂတ်မှာ အောင်မြင်မှုများ ရယူနိုင်ပါစေလို့ တောင်းဆုပြုပါတယ်ဟု ပြောသည်။

**(အပေါ်ပုံ)(NGB)**

## ဘောလုံးသတင်း အတို အထွာများ

* ဆော်ဒီကလပ် အယ်လ်နာဆာအသင်းတိုက်စစ်မှူး စီရော်နယ်လ်ဒိုသည် ၎င်း၏ တရားဝင် youtube Channel 'UR. Cristiano' ကို ဖွင့်လှစ်ပြီး တစ်နာရီအတွင်းမှာပင် subscribers အရေအတွက်ပေါင်း ၁သန်းထိရရှိပြီး youtube သမိုင်းတစ်လျှောက် စံချိန်သစ်တစ်ခုဖြစ်လာခဲ့သည်။

* ဂျူဗင်တပ်အသင်းသည် စီးရီးအေပြိုင်ဘက် အေစီမီလန်အသင်း နောက်ခံကစားသမား ပီယာကာလူးလူးအား တစ်ရာသီအငှား+အပြီးသတ်ခေါ်ယူခွင့်ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

* နာပိုလီအသင်းသည် ဘင်ဖီကာအသင်း တောင်ပံကစားသမား ဒေးဗစ်နီရက်စ်အား ပြောင်းရွှေ့ကြေး စတာလင်ပေါင် သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

**(NGB)**

### ဂျာမန်ဘွန်ဒက်လီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၁)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန်/နေရာ | ပွဲစဉ်/(နောက်ဆုံး ၅ပွဲရလဒ်) | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၀၀နာရီ | မိုချန်ဂလာဘတ် - လေဗာကူဆင် | မိုချန်ဂလာဘတ် ၀-၃ လေဗာကူဆင်<br>လေဗာကူဆင် ၀-၀ မိုချန်ဂလာဘတ် |

### ပြင်သစ်လီဂူး ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၄၅နာရီ | ပီအက်စ်ဂျီ - မောင့်ပယ်လီယာ<br>(W) (D) | ပီအက်စ်ဂျီ ၃-၀ မောင့်ပယ်လီယာ<br>မောင့်ပယ်လီယာ ၂-၆ ပီအက်စ်ဂျီ |

### အင်္ဂလိပ် ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၄-၈-၂၀၂၄ စနေနေ့ | နံနက်၀၁း၃၀နာရီ | ရှက်ဖီးလ်(W) - လိဒ်စ်<br>(W,L) (D,D) | ရှက်ဖီးလ်(W) ၀-၂ လိဒ်စ်<br>လိဒ်စ် ၀-၀ ရှက်ဖီးလ်(W) |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၂)ဇယား — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် | ယမန်နှစ်ရလဒ် |
|---|---|---|---|
| ၂၃-၈-၂၀၂၄ သောကြာနေ့ | ညသန်း၃၀နာရီ | ဆယ်လ်တာဗီဂို - ဗလင်စီယာ<br>(W) (L) | ဆယ်လ်တာဗီဂို ၁-၂ ဗလင်စီယာ<br>ဗလင်စီယာ ၀-၀ ဆယ်လ်တာဗီဂို |
| ၂၄-၈-၂၀၂၄ စနေနေ့ | နံနက်၀၂း၀၀နာရီ | ဆီဗီလာ - ဗီလာရီးရဲလ်<br>(D) (D) | ဆီဗီလာ ၁-၁ ဗီလာရီးရဲလ်<br>ဗီလာရီးရဲလ် ၃-၂ ဆီဗီလာ |




# အခြေခံစာကြည့်တိုက်ပညာသင်တန်း ဖွင့်လှစ်

**ညောင်ဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန (Community Center) ခန်းမ၌ ဩဂုတ် ၂၁ ရက် နံနက် ၁၀ နာရီခွဲက အခြေခံစာကြည့်တိုက် ပညာသင်တန်း ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဌေးအောင်က အခြေခံစာကြည့်တိုက်ပညာသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့် သင်တန်းဖွင့်လှစ်ရခြင်း၊ အမျိုးသားစာကြည့်တိုက် ပြည်သူ့စာကြည့်တိုက်၊ တက္ကသိုလ်ကောလိပ်စာကြည့်တိုက်၊ အထူးစာကြည့်တိုက်တို့ ဖွင့်လှစ်ထားရှိမှုအကြောင်းအရာတို့အား အမှာစကားပြောကြားသည်။

ထို့နောက် ညောင်ဦးခရိုင်ရုံး ပြည်သူ့စာကြည့်တိုက် စာကြည့်တိုက်မှူး ဒေါ်ဇင်ယုခိုင်က DLMS လက်တွေ့အသုံးပြုရေးသွင်းနည်း၊ စာအုပ်၊ စာစောင်ငှားရမ်းနည်းတို့အား သင်တန်းသား၊ သင်တန်းသူတို့အား လက်တွေ့သင်ကြားပြသသည်။ အခြေခံစာကြည့်တိုက်ပညာသင်တန်းသို့ ညောင်ဦးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ကျောက်ပန်းတောင်းမြို့၊ ငါ့သရောက်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြကာ ဩဂုတ် ၂၁ရက်မှ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်ကြားဖွင့်လှစ်သွားမည်ဖြစ်ကာ ညောင်ဦးမြို့နယ်ရုံးမှ ဒေါ်ဇင်ယုခိုင်၊ ငါ့သရောက်မြို့ရုံးမှ ဒေါ်အေးအေးမိုး၊ ကျောက်ပန်းတောင်းမြို့နယ်ရုံးမှ ဒေါ်သဲဖြူတို့က Zoomဖြင့် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**(အပေါ်ပုံ) (၄၈၁)**

# ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် လှုပ်ရှားမှုဆောင်ရွက်

**ရေနံချောင်း ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင် ရေနံချောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့ နံနက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အသင်းဥက္ကဋ္ဌ ဒေါ်ချိုချိုနွယ်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော်ကျော်လင်းက ကျောင်းကျန်းမာရေးနှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မူလတန်းကျောင်းသားများအား အစာအုပ်စု သုံးအုပ်စုဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အစာအုပ်စုများအား လှည့်လည်ကြည့်ရှုခြင်း၊ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် မေးခွန်း ၁၀၀ နှင့် ဆေးရောင်ခြယ်ပြိုင်ပွဲအတွက် ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (၄၇၂)**





# ၁၁ကေဗွီ ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းအား ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊နှစ်ကျပ်ခွဲကျေးရွာအုပ်စု၊နှစ်ကျပ်ခွဲကျေးရွာတွင် စက်ရေတွင်းအတွက် နိုင်ငံတော်မ,တည်ငွေ(ယူနီဆက်)ဖြင့် ဆောင်ရွက်သည့် ၁၁ကေဗွီ ဆိုလာစနစ်တပ်ဆင်ခြင်းလုပ်ငန်းအား ဩဂုတ် ၂၁ရက် ညနေ ၃ နာရီက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က နှစ်ကျပ်ခွဲကျေးရွာတွင် စက်ရေတွင်းအတွက် လိုအပ်သည့် လျှပ်စစ်မီးရရှိရေးကို ကျေးရွာလိုအပ်ချက်အရ တင်ပြတောင်းခံခဲ့သဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် နိုင်ငံတော် မ,တည်ငွေ(ယူနီဆက်) ရန်ပုံငွေကျပ်သိန်း ၁၉ ဒသမ ၇၇ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ၆ ဒသမ ၂၃ သန်း၊ စုစုပေါင်း ၂၆ ဒသမ ၀၀ သန်းဖြင့် ၁၁ ကေဗွီဆိုလာစနစ်တပ်ဆင်နေခြင်းဖြစ်ကြောင်းနှင့် ယခုအခါလုပ်ငန်းအားလုံး၏ ၈၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က လုပ်ငန်းသတ်မှတ်ချိန်အမီ ပြီးစီးအောင်ဆောင်ရွက်ရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးအတွက် လိုအပ်သည့် နည်းပညာများကို စနစ်တကျသင်ကြားပေးရေး ဆွေးနွေးမှာကြားသည်။ ယင်းနောက် မြို့နယ်ဥက္ကဋ္ဌသည် ကျေးရွာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ၍ စက်ရေတွင်းနှင့် ဆိုလာစနစ်လျှပ်စစ်ဓာတ်အားပေးခြင်းလုပ်ငန်းများအား ကျေးရွာနေပြည်သူများ သန့်ရှင်းသည့် သောက်သုံးရေကို အလွယ်တကူနှင့် လျင်လျင်မြန်မြန် ရယူသုံးစွဲနိုင်စေရန် နိုင်ငံတော်မှ အကုန်အကျခံစီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ရာ ကျေးရွာနေပြည်သူများအနေဖြင့်လည်း အဆိုပါ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးကို အလေးထားဆောင်ရွက်ပေးစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ စက်ရေတွင်းအတွက် ၁၁ကေဗွီဆိုလာစနစ် ပြီးစီးပါက နှစ်ကျပ်ခွဲကျေးရွာရှိ အိမ်ထောင်စု ၁၁၃၂ စုမှ လူဦးရေ ၃၅၂၆ ဦးတို့မှာ သန့်ရှင်းသောသောက်သုံးရေကို အလွယ်တကူ ရယူသုံးစွဲနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၄၅၆)**

# ကြံတောင်သူများ ကြံဖိုးငွေလက်ကျန်များ မရရှိသေး

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း ကသာခရိုင် မောင်းကန်းဒေသရှိ ကြံတောင်သူများအနေဖြင့် ပြီးခဲ့သည့် ၂၀၂၃-၂၀၂၄ ကြံရာသီတွင် တင်သွင်းခဲ့သည့် ကြံဖိုးငွေများ အပြည့်အဝမရရှိသေးကြောင်း သိရသည်။

ထိုသို့ ကြံဖိုးငွေများ မရရှိသေးသည့်အပြင် မိုးရာသီ ကြံစိုက်ခင်းများပြုပြင်ရန်အတွက် ကြံစရန်ငွေများလည်း မရရှိသေးတာကြောင့် ကြံစိုက်ခင်းများပြုပြင်ရန်နှင့် သွင်းအားစုများထည့်သွင်းရန် အခက်အခဲဖြစ်နေကြောင်း ကျောက်ထုံးကြီးကျေးရွာမှ ကြံစိုက်တောင်သူ ဦးချိုတူးက ပြောသည်။

"ကသာခရိုင်အတွင်းက တောင်သူတွေ မနှစ်က ကြံဖိုးငွေ လေးပုံ တစ်ပုံခန့် ရရှိရန် ကျန်ရှိနေပါသေးတယ်။ ကြံဖိုးငွေလည်း အပြေအကြေမရဘူး။ ကြံစိုက်ခင်းပြင်ဖို့ တစ်ဧက ကြံစရန်ငွေကျပ်နှစ်သောင်းလည်း မရတော့ မြေပြုပြင် ပေါင်းလုံးဖို့ မလုပ်နိုင်သေးဘူး။ မြေဩဇာလည်း မကျွေးနိုင်သေးဘူး။ ဒီတိုင်းဆိုရင် လာမယ့်နှစ် ကြံထွက်နှုန်းကျဆင်းပါလိမ့်မယ်"ဟု ၄င်းက ပြောသည်။

ကြံစိုက်တောင်သူများအနေဖြင့် ပြီးခဲ့သည့် ကြံရာသီက ကြံတစ်တန်လျှင် ငွေကျပ် ၁၂၅၀၀၀ မှ ၁၅၀၀၀၀ ထိ ရရှိခဲ့သော်လည်း အချို့ဒေသများတွင် ကြံဖိုးငွေများ အပြေအကြေမရရှိသေးတာကြောင့် တောင်သူများ အခက်အခဲဖြစ်နေသည်။

လက်ရှိ စိုက်ပျိုးရာသီတွင် ပြောင်းစိုက်ပျိုးသူများက ကြံကို ပြောင်းလဲစိုက်ပျိုးလာကြသည်။ ပြောင်းစိုက်တောင်သူများအနေဖြင့် ယခင်နှစ်များကဲ့သို့ မျိုးစေ့ မြေဩဇာ ပံ့ပိုးပေးသည့် ကုမ္ပဏီများမရှိတော့သောကြောင့်လည်း ကြံကို ပြောင်းလဲစိုက်ပျိုးလာကြခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ပြောင်းရာသီတွင် တောင်သူများ ပြောင်းဈေးကောင်း မရရှိခဲ့သောကြောင့်လည်း ဈေးကွက်သေချာပြီး အနီးအနားစက်ရုံများသို့သာ တင်ပို့ရသည့် ကြံကို ယခုနှစ်တွင် ပိုမိုစိုက်ပျိုးလာကြသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ကြံစိုက်ဧက လေးသိန်းခွဲ ငါးသိန်းဝန်းကျင်ထိ တိုးလာပြီး ယခင်နှစ်က ဒေသအလိုက် ကြံတစ်တန်လျှင် ငွေကျပ် ၁၂၅၀၀၀ မှ ၁၅၀၀၀၀ ထိ ရရှိထားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) ရွှေမန်း**





# ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်း ဖွင့်လှစ်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ မှကြီးမှူး၍ အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် City Holding Co.,Ltd ဝန်ထမ်းရေးရာဌာနတို့ ပူးပေါင်း၍ ရှေးဦးပြုစုခြင်း(အခြေခံ)သင်တန်းကို ဩဂုတ် ၁၉ရက်မှ ၂၁ရက်အထိ အောင်မြေသာစံမြို့နယ် ၁၉လမ်း City Mark ရှိ ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီအတွင်းရေးမှူး ဦးကျော်ကျော်နှင့်ကော်မတီဝင်များ၊ အောင်မြေသာစံမြို့နယ် ကြက်ခြေနီအသင်းခွဲနှင့် မန္တလေးတိုင်းကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းတွင် မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဖွဲ့စည်းပုံနှင့် ရည်ရွယ်ချက်များ၊ ထိခိုက်ဒဏ်ရာ ရှေးဦးပြုစုနည်းများ၊ လူနာဆန်းစစ်ခြင်းဘာသာရပ်များအား မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ နည်းပြများက စာတွေ့၊ လက်တွေ့ ပုံစံငယ်များဖြင့်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ) (၀၄၅)**

## မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ Hospital Family Day အခမ်းအနားကျင်းပ

**အထက်မင်းလှ ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ Hospital Family Day အခမ်းအနားကို ယမန်နေ့ နံနက် ၁၀နာရီက မြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးက ပြည်သူလူထုအားကိုးယုံကြည်သော ဆေးရုံများဖြစ်ပေါ်လာစေရန် ဆေးရုံမိသားစုနေ့ Hospital Family Day ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မင်းလှမြို့နယ်အတွင်းရှိ ဆေးရုံများမှ ပြည်သူများကို ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုပေးနေသော လုပ်ငန်းများ ရှင်းလင်းဆွေးနွေး ပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းထွန်းအောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး၊ ဒေါက်တာစန်းစန်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဥက္ကဋ္ဌ ဒေါ်ငယ်ငယ်အောင်နှင့်အဖွဲ့ဝင်များက မြို့နယ်ပြည်သူ့ဆေးရုံတွင်တက်ရောက်၍ ဆေးကုသမှုခံယူနေသည့် လူနာများအား ကြည့်ရှုအားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

စာစာ(အထက်မင်းလှ)






## ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**ပုဗ္ဗသီရိ ဩဂုတ် ၂၂**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားလူငယ်များ အသိပညာဗဟုသုတ တိုးပွားစေရန် ရည်ရွယ်၍ လူငယ်စကားဝိုင်းအခမ်းအနားကို ဩဂုတ် ၂၁ ရက် နံနက် ၉ နာရီခွဲက ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန် အခြေခံပညာအထက်တန်း ကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါစကားဝိုင်းတွင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ကျည်တောင်ကန် အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမာသင်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းနွယ်က လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်း ကျင်းပခဲ့ရာ စေ့စပ်ညှိနှိုင်းရေးမှူးအဖြစ် ပြန်/ဆက်ဌာန၊ ပုဗ္ဗသီရိမြို့နယ်ရုံးမှ ဦးစီးအရာရှိက ဆောင်ရွက်ပြီး ကျည်တောင်ကန် အခြေခံပညာအထက်တန်း ကျောင်းမှမသုတခင်(Grade-11) က "တန်ဖိုးရှိသော လူ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်ဝေယံထွန်း (Grade-10)က "ရွှေရောင်လူငယ်နှင့် ရွှေရောင်အနာဂတ်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မခင်ပြည့်စုံ (Grade-11)က "နှုတ်ဆိုစကား နားချိုစေ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မောင်စည်သူအောင် (Grade-10)က "လူငယ်နှင့်သာသနာ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မဆုမြတ်နိုး (Grade-11)က "လူငယ်နှင့်အချိန်၏ တန်ဖိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မောင်စွမ်းပြည့်မောင် (Grade-10)က "လူငယ်များနဲ့ချစ်သူများနေ့" ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီးဦးဆောင် ဆွေးနွေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက ဆွေးနွေးမှုများနှင့် ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းခဲ့ရာ လူငယ်စကားဝိုင်း ဆွေးနွေးပြောကြားပေးသော ကျောင်းသား၊ ကျောင်းသူများက ပြန်လည်ဖြေကြားပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

## ဩဂုတ်လအတွက် ပင်စင်လစာငွေများ မြန်မာ့စီးပွားရေးဘဏ်များတွင် ထုတ်ယူနိုင်



**မန္တလေး ဩဂုတ် ၂၂**

နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများ၏ ပင်စင်လစာငွေများကို မြန်မာ့စီးပွားရေးဘဏ်များက လစဉ်ရုံးဖွင့်ရက် ၂၁ရက်တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန်မလိုအပ်ဘဲ မိမိအဆင်ပြေမည့်ဘဏ်ဖွင့်ရက်များတွင် လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ထားသည်။ ပင်စင်လစာငွေကို ဘဏ်တွင် ငွေစာရင်းဖွင့်လှစ်၍ လိုအပ်ချိန်တွင် အဆိုပါ ငွေစာရင်းမှထုတ်ယူခြင်း၊ ATM စာရင်းဖွင့်၍ ATM စက်မှ ထုတ်ယူခြင်း၊ Myanmar Mobile Money စနစ်နှင့် Wave Money စနစ် အသုံးပြု၍ နီးစပ်ရာ အေးဂျင့်များတွင်လည်း ထုတ်ယူနိုင်သည်။

မန္တလေးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲများတွင် ပင်စင်လစာငွေစတင်ထုတ်ပေးသည့် ၂၁ရက်တစ်ရက်တည်းတွင် လာရောက်ထုတ်ယူခြင်းကြောင့် အချိန်ကြာမြင့်စွာ စောင့်ဆိုင်းရခြင်းများဖြစ်ပေါ်နေကြောင်း တွေ့ရှိရသဖြင့် ဘဏ်ခွဲများတွင် ငွေပေးကောင်တာများ တိုးချဲ့ခြင်း၊ ဩဂုတ်လအတွက် ပင်စင်လစာထုတ်ယူရမည့်ရက်နှင့် အချိန်သတ်မှတ်ထားသည့် တိုကင်များကို ပင်စင်စားများထံ ဖြန့်ဝေပေးခဲ့ပြီး အငြိမ်းစားများ အချိန်ကြာမြင့်စွာ စောင့်ဆိုင်းထုတ်ယူရန် မလိုဘဲ တိုကင်တွင် ဖော်ပြထားသော ဩဂုတ်လဘဏ်ဖွင့်ရက်နှင့်အချိန်တွင် လာရောက်ထုတ်ယူခြင်းဖြင့် လွယ်ကူအဆင်ပြေစွာထုတ်ယူနိုင်ခြင်း၊Centralized/e-Pension စနစ်ဖြင့် မန္တလေးမြို့ရှိ ဘဏ်ခွဲ(၁)၊ ဘဏ်ခွဲ(၂)၊ ဘဏ်ခွဲ(၃)နှင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ဘဏ်ခွဲ(၁၄၇)တို့တွင်လည်း ထုတ်ယူခအခမဲ့ဖြင့် ပြောင်းလဲထုတ်ယူနိုင်ကြောင်း သိရသည်။

(အပေါ်ပုံ) (၀၄၅)

## သူကောင်းတည်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရေးနှင့် စာအုပ်၊ စာစောင်များ အလွယ်တကူဖတ်ရှုလေ့လာနိုင်စေရန် ရည်ရွယ်၍ မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ထောက်ပံ့ ငွေကျပ်သိန်း ၁၅၀ ဖြင့် တည်ဆောက်နေသည့် သူကောင်းတည်ကျေးရွာစာကြည့်တိုက်သို့ ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်နှင့် မြို့နယ်စီမံအဖွဲ့ဝင်များက ယနေ့ နံနက်၉နာရီခွဲက ကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့သည်။

ညောင်ဦးမြို့နယ်အတွင်း ကျေးရွာ၊ ရပ်ကွက်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူလူထုဗဟုသုတတိုးပွားရေး၊ လူငယ်လူရွယ်များ စာဖတ်ရှိန်မြင့်မားရေးအတွက် စာကြည့်တိုက်များဖွံ့ဖြိုးရေး၊ ရှင်သန်ခိုင်မာရေးအတွက် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မ,တည်ထောက်ပံ့သဖြင့် ဆောက်လုပ်နေသည့် သူကောင်းတည်ကျေးရွာစာကြည့်တိုက်၊ နတ်ပလင်ကျေးရွာစာကြည့်တိုက်နှင့် ကျပ်သိန်း ၅၀ ဖြင့် ပြန်လည်ပြုပြင်ခြင်း ဆောင်ရွက်မည့် လက်ပံခြေပေါ်ကျေးရွာစာကြည့်တိုက်တို့ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ဆောက်လုပ်ပြီးစီးမှု အခြေအနေတို့အား ကွင်းဆင်းစစ်ဆေးရာ စာကြည့်တိုက်တည်ဆောက်မှု ပြီးစီးမှုအခြေအနေတို့အား သူကောင်းတည်ကျေးရွာ ရပ်မိရပ်ဖ ဦးညွန့်မောင်၊ ရာအိမ်မှူး ဦးသံလုံးတို့က ပြီးစီးမှုအခြေအနေတို့အား ရှင်းလင်းတင်ပြသည်။

ညောင်ဦးမြို့နယ်တွင် ငွေကျပ်သိန်း ၁၅၀ဖြင့် ဆောက်လုပ်မည့် သူကောင်းတည်ကျေးရွာ၊ နတ်ပလင်ကျေးရွာနှင့် ငွေကျပ်သိန်း ၅၀ ဖြင့် အဆင့်ပြန်လည်မြှင့်တင်မည့် လက်ပံခြေပေါ်ကျေးရွာစာကြည့်တိုက်တို့အား ညောင်ဦးမြို့နယ် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီက အနီးကပ်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။(အောက်ပုံ)

(၄၈၁)



## သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရန် ပလတ်စတစ်သုံးစွဲလျှော့ချရေး အသိပညာပေး

**ရေနံချောင်း ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ရေနံချောင်းမြို့နယ်၌ ပလတ်စတစ်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ဆုံးရှုံးမှု ဖြေလျှော့ချနိုင်ရန်နှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများ ကျန်းမာရေးနှင့်ညီညွတ်စေရန်အတွက် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် ဆောင်ရွက်ခဲ့သည်။

ထိုသို့လက်ကမ်းစာစောင်များဖြန့်ဝေရာတွင် ရေနံချောင်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များက မြို့မဈေးကြီးတွင် ဈေးရောင်းချသူများနှင့် ဈေးဝယ်သူပြည်သူများအနေဖြင့် စားသုံးကုန်ပစ္စည်းများ ရောင်းချဝယ်ယူရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်စေနိုင်သည့် ပလတ်စတစ်သုံးစွဲမှုကို လျှော့ချပြီး ပလတ်စတစ်အစား စက္ကူ၊ ငှက်ပျောဖက်၊ အင်ဖက်များကို အစားထိုးသုံးစွဲကြစေလိုကြောင်း အသိပညာပေးဟောပြောကာ မြို့နယ်စည်ပင်သာယာရေးကော်မတီက ဖြန့်ဝေသည့် ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

(၄၇၂)



# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## ကုလားပဲ၊ မြေထောက်ပဲတို့ကို ပို့ကုန်အဝယ်ရှိလာသောကြောင့် ဈေးမြင့်တက်လာ



ကုလားပဲ၊ မြေထောက်ပဲတို့ကို ပို့ကုန်တင်ပို့ရန် အဝယ်ရှိလာသောကြောင့် ဈေးမြင့်တက်လာကြောင်း ပဲ၊ နှမ်းကုန်သည်များထံမှ သိရသည်။

ပြည်တွင်းသုံးစွဲမှု ရှိနေသည့် ကုလားပဲ V7 ကို ပို့ကုန်အမှာရှိလာတာကြောင့် ပဲဈေးကွက်တွင် ဈေးမြင့်တက်လာသလို အခြားကုလားပဲများလည်း လိုက်ပါဈေးမြင့်တက်လာခြင်း ဖြစ်သည်။

အလားတူ မြေထောက်ပဲကို ယခင်က ပို့ကုန်တင်ပို့နေရာမှ ရပ်နားသွားပြီး ဈေးငြိမ်နေရာမှ ပြန်လည်တင်ပို့ရန် အဝယ်ရှိလာသောကြောင့် လက်ကျန်ပဲများ ဈေးကောင်းရရှိလာသည်။

မြေထောက်ပဲကို မြေပဲစိုက်ဒေသများတွင် မြေပဲနှင့်အတူ စိုက်ပျိုးသည့်ပဲတစ်မျိုးဖြစ်ပြီး ဧရာဝတီမြစ် အထက်ပိုင်းဒေသများမှ ထွက်ရှိသည့် မြေထောက်ပဲမှာ အရည်အသွေးအကောင်းဆုံးဖြစ်သည်။ ချင်းတွင်းမြစ်ရိုးမှလည်း မြေထောက်ပဲထွက်ရှိသော်လည်း အရည်အသွေးအနည်းငယ် လျော့သည်။ လက်ရှိမှာ ပို့ကုန်အဝယ်အမှာ ရှိတာကြောင့် သုံးတင်းဝင် တစ်အိတ်ငွေကျပ် ၃၅၀၀၀၀ အထိ ပေါက်ဈေးရှိလာကြောင်း သိရသည်။

ပြည်တွင်း ပဲနှမ်းဈေးကွက် ဈေးကျဆင်းမှုမရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ကောင်းနေကြောင်း၊ V7ကုလားပဲ နှင့် မြေထောက်ပဲမှာ ပို့ကုန်အမှာ ရှိလာသောကြောင့် ဈေးကွက်ဈေးကောင်းလာကြောင်း၊ မြေပဲဆန်အသစ်ဝင်များမှာ ပမာဏနည်းနေသေးပြီး အညာမြေပဲဆန် လက်ကျန်မှာလည်း ဈေးမြင့်တက်နေကြောင်း၊ မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌဦးကျော်သွင်(ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

'ပြည်တွင်းပဲဈေးကွက်က ဈေးကျဆင်းမှုမရှိဘဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်။ ကုလားပဲ အုပ်စုမှာ V7 ကို ပို့ကုန်အတွက် အဝယ်ရှိလာလို့ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၃၉၀၀၀၀ ထိဈေးမြင့်တက်လာတာ ကျန်တဲ့ ကုလားပဲတွေလည်း လိုက်ပါဈေးမြင့်တာပါ။ပို့ကုန်မတ်ပဲနဲ့ ပဲစင်းငုံကလည်း ဈေးကောင်း အဝယ်ကောင်းနေပါတယ်။ အညာ မြေပဲဆန်တွေက လက်ကျန်နည်းလာသလို အသစ်ဝင်တာကလည်း ပမာဏနည်းနေသေးတော့ ဈေးကွက်ထဲမှာ မြေပဲဆန်ဈေးက ဆက်လက်မြင့်တက်နေတာပါ။ မတ်ပဲဈေးကတော့ နည်းနည်းပြန်တက်ချင်ပါတယ်။ မြေထောက်ပဲကိုလည်း ပို့ကုန် အမှာရှိတော့ တစ်အိတ် ငွေကျပ် ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိလာပါတယ်။ နှမ်းမျိုးစုံကလည်း ကုန်သည်တွေ အဝယ်ကောင်းနေလို့ ဈေးအကောင်းဆုံးဖြစ်နေတာပါ' ဟု ၄င်းက ပြောသည်။

ဩဂုတ် ၂၂ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၄၅၀၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၆၅၀၀၀ ဈေးမြင့်တက်လာသည်။

ပြည်တွင်းသုံး ကုလားပဲ အုပ်စုမှာ ပို့ကုန်တင်ပို့မှု အဝယ်ကြောင့် ဈေးနှုန်း သိသိသာသာ မြင့်တက်လာသည်။ လက်ရှိ ဈေးတန်းက အမြင့်ဈေးတန်း ဖြစ်လာရာ ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၃၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၂၀၀၀ အသီးသီး ဈေးမြင့်တက်လာသည်။

မြေပဲဆန်အသစ်ဝင်များနှင့် နှမ်းမျိုးစုံ ဆက်လက်ဈေးမြင့်တက်နေရာ ဩဂုတ် ၂၂ ရက်တွင် ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၀၀၀၀၀၊ ပဲပုပ်(ရှမ်း) တစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၄၀၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၆၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန်တစ်ပိဿာလျှင် ငွေကျပ် ၁၂၅၀၀ ပေါက်ဈေးရှိနေပြီး မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၂၀၅၀၀ ပေါက်ဈေး ရှိနေသည်။

ဩဂုတ် ၂၂ ရက်တွင် နှမ်းမျိုးစုံပေါက်ဈေး အနည်းငယ်ကျဆင်းလာရာ နှမ်းနက်(စမုန်) တစ်အိတ်လျှင် ငွေကျပ် ၅၆၅၀၀၀၊ နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၈၅၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀၊ ပန်းနှမ်းတစ်အိတ်လျှင် ငွေကျပ် ၃၀၅၀၀၀၊ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရွှေမန်း

## ပြည်ပသို့ သကြားတန်ချိန် တစ်သိန်းကျော်တင်ပို့ပြီး၍ အနည်းငယ်သာ တင်ပို့ရန်ကျန်ရှိ

**မန္တလေး ဩဂုတ် ၂၂**

ပြည်တွင်းမှ ထုတ်လုပ်သည့် သကြားများကို ပြည်ပသို့ တင်ပို့ရာတွင် ဗီယက်နမ်နိုင်ငံသို့ အဓိကတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်တွင် သကြားတန်ချိန် တစ်သိန်းကျော်တင်ပို့ပြီးဖြစ်၍ အနည်းငယ်သာ တင်ပို့ရန်ကျန်ရှိကြောင်း မြန်မာနိုင်ငံသကြားနှင့် ကြံလုပ်ငန်းရှင်များအသင်းမှ သိရသည်။

'ပြည်ပကို တင်ပို့ပြီးတာက သကြားတန်ချိန် တစ်သိန်းဝန်းကျင်ဆိုတော့ ၉၀ ရာခိုင်နှုန်းလောက်တင်ပို့ ပြီးသွားပြီ။ အဓိကတင်ပို့တာက ဗီယက်နမ်နိုင်ငံဖြစ်ပြီး အခွန်ကင်းလွတ်ခွင့်ရတယ်။ အခြားနိုင်ငံတွေပို့ရင် အခွန်ပေးဆောင်ရလို့ ဗီယက်နမ်ကို အများဆုံးတင်ပို့တယ်။ ကျန်တဲ့နိုင်ငံတွေကိုတင်ပို့ရင် အခွန်ပေးဆောင်ရလို့ တွက်ခြေမကိုက်ဘူး' ဟု ၄င်းက ပြောသည်။

ကြံရာသီမှာ နှစ်စဉ် ဒီဇင်ဘာလမှ ဧပြီလထိဖြစ်ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်၊ ကြံရာသီမှထွက်ရှိသော သကြားများမှ တန်ချိန်တစ်သိန်းဝန်းကျင်ပြည်ပသို့ တင်ပို့ပြီးဖြစ်ရာ နိုင်ငံတကာဈေးကွက်တွင် ပြည်တွင်းသကြားများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၅၀၀-၆၀၀ ရရှိကြောင်း သိရသည်။

'နိုင်ငံတကာ သကြားပေါက်ဈေးအတိုင်း ပြည်ပတင်ပို့တာ ဖြစ်ပါတယ်။ ဗီယက်နမ်အပြင် စကော်ပူနဲ့ EU နိုင်ငံတွေကို အနည်းငယ်တင်ပို့တာရှိတယ်။ ပြည်တွင်းသကြားက နိုင်ငံတကာ စံချိန်စံညွှန်းနဲ့ညီအောင် စက်ရုံတွေက ဓာတ်ခွဲစမ်းသပ်ပြီးမှ ထုတ်လုပ်တာပါ။ နိုင်ငံခြားငွေရတဲ့အတွက် တွက်ခြေကိုက်တယ်လို့ ပြောရမယ်' ဟု ဆက်လက်ပြောကြားသည်။




မြန်မာ့သကြားကို ပြည်ပနိုင်ငံများ၏ ဝယ်လိုအားရှိနေသော်လည်း ပြည်တွင်းစားသုံးမှုဖူလုံရေးအတွက် ဦးစားပေးပြီးတင်ပို့နေကြောင်း၊ လာမည့် ၂၀၂၄-၂၀၂၅ ကြံရာသီတွင် ပြည်တွင်း၌ စက်ရုံအသစ် ၂ ခု တိုးချဲ့လည်ပတ်တော့မည်ဖြစ်၍ သကြားပိုမိုထွက်ရှိလာနိုင်ပြီး ပြည်တွင်းစားသုံးမှုအပြင် ပြည်ပသို့ ပိုမိုတင်ပို့နိုင်မည်ဖြစ်ကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်–၉)

*–*–*–*–*



## ပြည်ပမှ ပဲပုပ်တင်သွင်းမှုလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုဖြင့် အစားထိုးအသုံးပြုသွားမည်

ပြည်ပမှ ပဲပုပ်တင်သွင်းမှုကိုလျှော့ချပြီး ပြည်တွင်းထုတ်လုပ်မှုကို အစားထိုးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

ပြည်တွင်းတိရစ္ဆာန်အစာအတွက်လိုအပ်သည့် အသားဓာတ်အဖြစ် ပဲပုပ်ဖတ်ကို ပြည်ပကနေတင်သွင်းမှုကို ၃နှစ် အတွင်းအပြီးလျှော့ချသွားဖြစ်ကြောင်း၊ ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်သည့် ပဲပုပ်ဆီကြိတ်ဖတ်တွေကို အစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

'ပဲပုပ်ဖတ်ကို ပြည်ပကနေတင်သွင်းနေရတာကို ၃နှစ်အတွင်းအပြီးလျှော့ချသွားမှာပါ။တိရစ္ဆာန်အစာအတွက်လိုအပ်တာကို ပြည်တွင်းက ပဲပုပ်ဆီဖတ်တွေနဲ့ အစားထိုးသုံးစွဲနိုင်ရေး ဆောင်ရွက်နေပါတယ်' ဟု ၄င်းကပြောသည်။

ပြည်တွင်းမှာ ပဲပုပ်ကို ကြက်၊ ဝက်နှင့် ငါး အပါအဝင် တိရစ္ဆာန်အစာလိုအပ်ချက်အပြင် ကုန်ချောပါထုတ်လုပ်နေတာကြောင့် ပြည်တွင်းလိုအပ်ချက်အတွက် နှစ်စဉ် ပဲပုပ်ဖတ်ကုန်ကြမ်း တန်ချိန် ၈ သိန်းကျော် ပြည်ပမှ တင်သွင်းနေရသည်။

ပဲပုပ်ကုန်ကြမ်းအများစုကို အမေရိကန်၊ အာဂျင်တီးနား၊ အာဖရိကနှင့် ထိုင်းနိုင်ငံများမှ အဓိကတင်သွင်းလျက်ရှိပြီး ယင်းထဲမှ ထက်ဝက်ကျော်ကို ငါးလုပ်ငန်းကဏ္ဍမှာ အသုံးပြုလုပ်လျက်ရှိသည်။

ပဲပုပ်ကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့မှာ အများဆုံးစိုက်ပျိုးကြပြီး ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှာလည်း အနည်းငယ်စိုက်ပျိုးလျက်ရှိသည်။

ပဲပုပ်မှ ပဲနို့ရည်၊ အသားတု၊ ပဲပုပ်ခြောက်၊ ဆီတိုဟူး၊ မုန့်မျိုးစုံတို့အဓိကထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်အတွက်လည်း ဝယ်လိုအားကောင်းနေသည်။

လက်ရှိ ရန်ကုန်ဘုရင့်နောင်ဈေးကွက်အတွင်း ပဲပုပ်(မြစ်ဝကျွန်းပေါ်)၊ အထွက်တိုး တစ်ပိဿာ ငွေကျပ် ၆၀၀၀-၆၁၇၀ ပေါက်ဈေး ရှိနေသည်။

မန္တလေးဈေးကွက်တွင် ဩဂုတ် ၂၀ ရက်တွင် ပဲပုပ်(ကာဘိုး) ၅၃ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀-၃၆၀၀၀၀၊ ပဲပုပ်(ဗမာ)၊ ၅၃ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ပဲပုပ်(ရှမ်း) ၅၃ ဒသမ ၂၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၄၀၀၀၀၀-၄၁၅၀၀၀ ပေါက်ဈေး ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

## ဆရာဇော်ဂျီ၏ ပုဂံအနုပညာစာအုပ် ထုတ်ဝေဖြန့်ချိ




**မန္တလေး ဩဂုတ် ၂၂**

အမျိုးသားစာဆို ဆရာဇော်ဂျီ၏ ပုဂံအနုပညာစာအုပ် စိတ်ကူးချိုချိုစာပေမှ ထုတ်ဝေဖြန့်ချိလိုက်သည်။ ဆရာဇော်ဂျီ ရေးသားခဲ့သော ပုဂံခေတ်၊ ပန်းချီ၊ ဂီတ၊ အနုပညာစာပေဆောင်းပါးများကို စုစည်းထားခြင်းဖြစ်ပြီး ဆောင်းပါးများမှာ ပြည်ထောင်စုသမိုင်းမှတ်တိုင်များ၊ ဘာသာပြန်စာပေအသင်း(ရန်ကုန်)၊ ရှုမဝမဂ္ဂဇင်း၊ ဇော်ဂျီစာပေါင်းချုပ်(၁၉၉၃)၊ စာပေဗိမာန်မဂ္ဂဇင်း၊ ငွေတာရီမဂ္ဂဇင်း၊ ဂန္ထဝင်ဂျာနယ်၊ University of Mandalay (1960-1961)တို့တွင် ဖော်ပြပါရှိခဲ့သော ဆောင်းပါးများဖြစ်ကာ ပုဂံပြည်၏ ကျက်သရေ၊ ပုဂံခေတ် ပန်းချီသဘော၊ ပုဂံခေတ်ဗုဒ္ဓဝင်ပန်းချီ၊ ပုဂံခေတ် မဟာယာနပန်းချီ၊ ပုဂံခေတ် တန္တရပန်းချီ၊ ပုဂံခေတ် မျက်မှောက်ပန်းချီ(၁)၊ (၂)၊ (၃)၊ ပုဂံကနုတ်ပန်း၊ ပုဂံခေတ်နှင့်ပန်းချီပညာ၊ ပုဂံခေတ် ဂီတ၊ ရှေးရိုးမြန်မာပန်းချီ၊ မျက်မှောက်ခေတ်မြန်မာပန်းချီ၊ ပန်းချီမေတ္တာစာ၊ မြန်မာနိုင်ငံနှင့် ဗုဒ္ဓဘာသာအနုပညာ၊ ART IN MYANMAR၊ MYANMAR ARCHITECTURE၊ ဒုရင်ပါ ကြေးအကွေးအကြောင်းမှတ်စု၊ မြန်မာတို့၏ သဘင်ပညာသမိုင်းချုပ်၊ BURMESE MUSIC AND DANCING၊ မြန်မာ့အနုပညာအချုပ်အခြာတို့ဖြစ်သည်။ မျက်နှာဖုံးပန်းချီတော်တီဆွေ ရေးဆွဲကာ မန္တလေး စာအုပ်အရောင်းဆိုင်များ၊ စိတ်ကူးချိုချိုစာအုပ်အရောင်းဆိုင်တွင် ငွေကျပ် ၇၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

(ဝဲပုံ)PNT

## မေတ္တာအခါတော်နေ့နှင့် ယောဂီများအတွက် တူညီဝတ်စုံ ပေးအပ်ပွဲကျင်းပ



**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာဝိဇယကျောင်းတိုက်၌ ဩဂုတ် ၁၉ ရက် နံနက် ၉ နာရီတွင် ဝါခေါင်လပြည့် (မေတ္တာအခါတော်နေ့)နှင့် ယောဂီများအတွက် တူညီဝတ်စုံပေးအပ်ပွဲ အခမ်းအနားကို အဆိုပါ ကျောင်းတိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ဧည့်ပရိသတ်တို့က မဟာဝိဇယကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိစာရထံက သီလခံယူဆောက်တည်ပြီး သီလပွဲကုသိုလ်ရှင်နှင့် ဆွမ်းအလှူရှင် ဦးအောင်နိုင်+ဒေါ်သီသီဦး၊ (သမီး)မခင်သန္တာဝင်း၊ မနှင်းနန္ဒာထွေး၊ မရွှေဖူးပွင့်ဇော် 'သန်းကြည်မွန်' ရေခဲမုန့်ဆိုင်မိသားစုတို့က ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်သည်။ ထို့နောက် မဟာဝိဇယဆရာတော်ကြီးမှ သာသနာပြုယောဂီအမျိုးသားများအတွက် လုံချည်အထည် ၁၀၀နှင့် ယောဂီအမျိုးသမီးများအတွက် ထမီအထည် ၄၀၀ တို့ကို ချီးမြှင့်ပေးအပ်သည်။

ထို့နောက် မေတ္တာအခါတော်နေ့ အခမ်းအနား ဆက်လက်ကျင်းပရာ ယောဂီ ဒေါ်သန်းသန်းစိန်က မေတ္တာအခါတော်နေ့ကျင်းပရခြင်းအကြောင်း၊ ယောဂီဒေါ်ကြည်ကြည်က မေတ္တာသက်လုံအကြောင်း၊ ယောဂီဒေါ်ခင်စန်းလွင်က မေတ္တာစွမ်းအား၏ အကျိုးများပုံအကြောင်း၊ ယောဂီဒေါ်ခင်မာဝင်းက ဝါခေါင်လပြည့် မေတ္တာအခါတော်နေ့အကြောင်း အသီးသီးပြောကြားကြပြီး သံဃာတော်များနှင့် ယောဂီသူတော်တို့က မေတ္တာသုတ် ဒေသနာတော်ကို သံပြိုင်ညီညာရွတ်ဖတ်ပူဇော်ကြပြီး အခမ်းအနား ရုပ်သိမ်းကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၅၁)



## ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ အခမဲ့ငှားရမ်းခြင်း ဆောင်ရွက်

**တောင်ကြီး ဩဂုတ် ၂၂**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လူထုအခြေပြုဗဟိုဌာန (Community Centre)တောင်ကြီးမြို့မှ တောင်ကြီးမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများ လက်လှမ်းမီစွာ စာပေဖတ်ရှုလေ့လာနိုင်စေရေး၊ စာဖတ်သည့်အလေ့အထများ တိုးပွားလာစေရေး၊ စာပေဖတ်ရှုလေ့လာခြင်းဖြင့် အသိပညာဗဟုသုတတိုးပွားရရှိပြီး နိုင်ငံတော်က အားထားရသည့် လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေးအတွက် ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ် (Mobile Library Bus)ဖြင့် စာဖတ်သူထံအရောက် အခမဲ့ဝန်ဆောင်မှုပေးလျက်ရှိရာ ဩဂုတ် ၂၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့နယ် ကုန်းဘောင်ကျေးရွာနှင့် ပန်သခွားကျေးရွာ အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်ပြီး စာအုပ်၊ စာစောင်များကို အခမဲ့ငှားရမ်းခြင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ရွှေ့လျားစာကြည့်တိုက်မော်တော်ယာဉ်(Mobile Library Bus)ပေါ်တွင် သုတစာအုပ်မျိုးစုံ၊ ရသစာအုပ်မျိုးစုံနှင့် ကလေးစာပေများကို စုံစုံလင်လင် ဖြည့်ဆည်းဆောင်ရွက်ထားပြီး တောင်ကြီးမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ သင်တန်းကျောင်းများ၊ ဌာနဆိုင်ရာများ၊ ကျေးရွာများသို့ နှစ်ပတ်တစ်ကြိမ်သွားရောက်၍ စာအုပ်များ လှည့်လည်ငှားရမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## ငြိမ်းချမ်းအေးရိပ်

* ရင်ငွေ့တော်လှုံ သက်ထင်ရှား
မဟာမုနိ မြတ်ဘုရား ။

* အရဏ်ဦးမှာ ကြည်နူးစွာ
မျက်နှာသစ်တော်ရေ ကပ်လှူတာ ။

* အနန္တငါးပါး ကြည်ညိုပွား
ဂုဏ်တော်ရွတ်လို့ အမိဌာန်ထား ။

* ရုပ်ရှင်တော်မြတ် ဖူးမြော်စဉ်
စိတ်အစဉ်တွင် အေးကြည်လင် ။

* မုနိဘုရား တန်ခိုးစွမ်းအင်
သောကကင်းဝေး ငြိမ်းအေးဘဝင် ။

* အလင်း ပန်း ရေတော် သစ်သီးများ
ဆက်ကပ်လှူလို့ ဘာဝနာပွား ။

* ရင်ပြင်တော်တစ်ပတ် ဖူးကြတယ်
လေးမျက်နှာတော် ကြည်ညိုဖွယ် ။

* တန်ခိုးကြွယ်ဘိ ငြိမ်းအေးဘိ
ရုပ်ရှင်တော်မြတ် မဟာမုနိ ။ ။

ခင်ဆွေလှိုင်(ပန်းချီ)

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လစဉ် ဘဏ်ထုတ်ရက်များတွင် ကျန်းမာရေးစစ်ဆေးပေး

**သရက် ဩဂုတ် ၂၂**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၌ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား လစဉ် ဘဏ်ထုတ်ရက်များတွင် ဆီးချို၊ သွေးချို စစ်ဆေးပေးခြင်းများကို ယမန်နေ့ နံနက် ၉နာရီမှ ၁၁နာရီအထိ စီးပွားရေးဘဏ်ရှေ့တွင် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ပင်စင်လာရောက်ထုတ်ယူသည့် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားပင်စင်စားများအား သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆီးချို၊ သွေးချိုစစ်ဆေးပေးခြင်း ၊ သွေးတိုးရောဂါရှိ၊ မရှိ စစ်ဆေးပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးခြင်း၊ မကူးစက်သော ရောဂါများနှင့် ပတ်သက်၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပြီး လိုအပ်သော ဆေးဝါးများ အခမဲ့ထောက်ပံ့ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်ရန် လိုအပ်သည့် အငြိမ်းစားဝန်ထမ်းများအား လစဉ်၊ အပတ်စဉ်တိုင်းကုသမှုပေးနေသည့် ဗုဒ္ဓဟူးနေ့များတွင် လာရောက်ကုသကြရန် ပြောကြားပေးခဲ့ကြောင်း သိရသည်။



(ဝဲပုံ)

ဇော်ထက်(သရက်)

## သတင်းပဒေသာ

### ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ

ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်၊ မိုင်းကိုင်မြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း အ.ထ.က(မိုင်းကိုင်)စာစစ်ဌာနတွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ (Gread-12) အောင်မြင်ခဲ့သော ကျောင်းသား၊ ကျောင်းသူများအား မြို့နယ်သမဝါယမဦးစီးဌာနနှင့် သမဝါယမအသင်းများက ပူးပေါင်း၍ ဂုဏ်ပြုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပြည်သူများ ပလတ်စတစ်အိတ်လျှော့နည်းသုံးစွဲစေရန် ရည်ရွယ်၍ မြို့နယ်စည်ပင်သာယာရေး၊ မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား ပလတ်စတစ်အိတ်၊ ကြွတ်ကြွတ်အိတ်အစား ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူအိတ်များ အသုံးပြုနိုင်ရေး အသိပညာပေးခြင်း(Campaign)နှင့် ပလတ်စတစ်ညစ်ညမ်းမှုလျှော့ချရေး အသိပညာပေး လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ဒက္ခိဏဈေးအတွင်း ဈေးသည်များကို ဖြန့်ဝေခြင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပင်စင်လစာငွေများ ထုတ်ပေးလျက်ရှိ

မန္တလေးတိုင်းဒေသကြီး၊ ငါန်းဇွန်မြို့နယ်၊ မြန်မာ့စီးပွားရေးဘဏ်၌ ဩဂုတ်လအတွက် ပင်စင်လစာငွေများကို ဩဂုတ် ၂၁ရက်နံနက် ၅ နာရီခွဲက စတင်ကာ နိုင်ငံ့ဝန်ထမ်းပင်စင်စားများအား စတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### လူထုအခြေပြုဗဟိုဌာနတွင် လူငယ်စကားဝိုင်း ကျင်းပ

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံခရိုင်၊ မိုင်းပျဉ်းမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် Youth Club တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန (Community Centre) ဘက်စုံသုံးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### လူငယ်ရေးရာ အသိပညာပေး ဟောပြော

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးမြို့နယ်တွင် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၁ရက်နံနက် ၈ နာရီခွဲက ပန်စွဲကျေးရွာ၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ နန်းပန်မြို့အတွင်း ဒေသဖွံ့ဖြိုးတိုးတက်လာစေရန်၊ လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးနှင့် စိုက်ပျိုးမွေးမြူရေးအစရှိသည့် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝများဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက နန်းပန်မြို့ မြို့အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ပျော်ရွှင်ဖွယ်ရာ ကာယပြိုင်ပွဲများ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ လူထုအခြေပြုဗဟိုဌာန ကလေးစာဖတ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူများအား ပျော်ရွှင်ဖွယ်ရာ ကာယပြိုင်ပွဲများကို ဩဂုတ် ၂၁ရက် နံနက် ၉ နာရီက ကျင်းပပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ခြင်းများ ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၂**

မန္တလေးခရိုင်၊မဟာအောင်မြေမြို့နယ်တွင် မွေးကင်းစမှအသက်(၁)နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးဆေးတိုက်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို မဟာအောင်မြေမြို့နယ် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး၌ ထိုးနှံပေးခဲ့သည်။

မဟာအောင်မြေမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်(၁)နှစ်ခွဲအောက် ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေး ဆေးထိုး၊ ဆေးတိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးနှောက်တီဘီရောဂါကာကွယ်ဆေး၊ ငါးမျိုးစပ်ကာကွယ်ဆေး၊ ပြင်းထန်အဆုတ်ရောင်ရောဂါကာကွယ်ဆေး ပြင်းထန်ဝမ်းလျှောဝမ်းပျက်ရောဂါကာကွယ်ဆေး၊ ဝက်သက်ဂျိုက်သိုးရောဂါကာကွယ်ဆေး ဂျပန်ဦးနှောက်ရောင်ရောဂါများ ထိုးနှံပေးခြင်းနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခြင်းများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခြင်းများကို မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ဝန်ထမ်းများက မွေးကင်းစမှ(၁)နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးပြီး ရပ်ကွက်များသို့ ကွင်းဆင်း၍ ကာကွယ်ဆေးများကို စနစ်တကျမှတ်တမ်းရေးသွင်း၍ ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**(ယာပုံ)**

**(၀၅၆)**

## တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းတွင် ပြောင်းလဲဖွင့်လှစ်မည် ဆေးပစ္စည်းများ ဝယ်ယူရန် ငွေလှူဒါန်း

**မန္တလေး ဩဂုတ် ၂၂**

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊မြရည်နန္ဒာအိမ်ရာ၊၄၇(A)လမ်းနှင့် ၁၁၈(B)လမ်း၊ မမ(၂၆)ရှိ တို့လူငယ်ကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကို ဩဂုတ် ၂၅ ရက် တနင်္ဂနွေနေ့တွင် ပြောင်းလဲဖွင့်လှစ်၍ ဆေးခန်းတိုကင်ယူခြင်း၊ ဆီးချိုစစ်ဆေးခြင်း၊သွေးချိန်ခြင်းများ ဆောင်ရွက်ပေးသည်။

လူမျိုးဘာသာဆင်းရဲချမ်းသာဒေသမရွေးမည်သူမဆို အထွေထွေရောဂါ၊ သွားနှင့်ခံတွင်းရောဂါများကို စေတနာပြည့်ဝသော ဆရာဝန်ကြီးများဖြင့် အခမဲ့ကုသပေးသည်။ လာရောက်ပြသသူများအား နံနက်ခင်းထမင်းဆီဆမ်း၊ ကြက်ဥကြော်များဖြင့် အာဟာရဒါနပြုသည်။

တို့လူငယ်ဆေးခန်းသို့ ဆေးပစ္စည်းများဝယ်ယူရန် ချမ်းမြသာစည်မြို့နယ်နေ ဦးသက်ထွန်းနောင်+ဒေါ်မျိုးသူဇာအောင် မိသားစုက ငွေကျပ် တစ်သိန်း၊ မြရည်နန္ဒာအိမ်ရာ နေဗေဒင်၊ လက္ခဏာပညာရှင်ဦးဘုန်းမင့်ထွန်းက ငွေကျပ်တစ်သိန်းတို့ကို လာရောက်လှူဒါန်းခဲ့ကြသည်။

တို့လူငယ်ကုသိုလ်ဖြစ် ဆေးခန်းတစ်ပတ်ဖွင့်လျှင် လူနာ ၁၂၀-၁၅၀ဦးခန့် ကုသပေးလျက်ရှိရာ ဆေးခန်းရေရှည်ဆက်လက်ရပ်တည်နိုင်ရေး ဆေးနှင့်ဆေးပစ္စည်းများအား ဖုန်း ၀၉-၂၅၉၅၁၀၃၉၈နှင့် ၀၉-၂၅၅၀၆၈၅၃၃ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)**

**(၀၄၅)**



## ဒေသအတွင်း စိမ်းလန်းစိုပြည်ရေး မြို့နယ်စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ပျိုးပင်ပေါင်း ၅၁၇၁၀ ပင် စိုက်ပျိုးထား

**ကျောက်ဆည် ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ကျောက်ဆည်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဒေသအတွင်း စိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များ ပျိုးထောင်ထားရှိပြီး ကျေးရွာသုံးစိုက်ခင်း၊ အခြားစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်းများအတွက် ပျိုးပင်ပေါင်း ၅၁၇၁၀ စိုက်ပျိုးထားရှိသည်။ **(အောက်ပုံ)**

ထိုသို့ စိုက်ပျိုးရာတွင် ကျေးရွာသုံးထင်းစိုက်ခင်းအဖြစ် မင်းမွေးတောင်ခြေမှ မြေဧက ၂၅ ဧကအကျယ်တွင် ယူကလစ် ၄၀၅၀ ပင်၊ မဲဇလီ၂၇၅၀ ပင်၊ သဘော်ကုက္ကို ၆၇၀၀ ပင်၊ အခြားစိုက်ခင်းအဖြစ် ရဒါန်းချောင်းဆုံကြိုးဝင်းအကွက်အမှတ်(၇)တွင် မဲဇလီ ၅၅၉၀ ပင်၊ ဒဟတ် ၃၀၀၀ ပင်၊ ဖျောက်ဆိပ် ၉၀၈၈ ပင်၊ သဘော်ကုက္ကို ၁၂၅၇၂ ပင်၊ တောင်တန်းစိုက်ခင်းအဖြစ် ရဒါန်းချောင်းဆုံကြိုးဝိုင်း အကွက်အမှတ်(၇)တွင် တမာ ၂၀၂၀ ပင်၊ ဖျောက်ဆိပ်၂၀၄၀ ပင်၊ သဘော်ကုက္ကို ၄၀၀၀ ပင် စိုက်ပျိုးခဲ့သည်။

ကျောက်ဆည်မြို့နယ် စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာသုံးစိုက်ခင်း၊အခြားစိုက်ခင်းနှင့် တောင်တန်းစိုက်ခင်းများ စိုက်ပျိုးရာတွင် ပျိုးပင်လိုအပ်မှုမရှိစေရေး၊ ယူကလစ် ၄၄၅၅ပင်၊ မဲဇလီ ၁၀၇၂၉ ပင်၊ သဘော်ကုက္ကို ၃၉၃၉၄ ပင်၊ ဒဟတ် ၃၇၅၀ ပင်၊ ဖျောက်ဆိပ် ၁၄၂၁၀ ပင် ပျိုးထောင်ထားရှိပြီး ပျိုးပင်များ ကောင်းစွာရှင်သန်ရေး သေပျောက်ပျက်စီးသွားသည့် ပျိုးပင်များအား အစားထိုးစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**(၄၈၅)**



## ပြည်တွင်းရွှေဈေးနှုန်း ကျဆင်းလာ

ယခင်သီတင်းပတ်များအထိ စံချိန်တင်အမြင့်ဈေးများဖြင့် မြင့်တက်ခဲ့သော်လည်း ကမ္ဘာ့ရွှေဈေးနှုန်းကျဆင်းမှုနှင့်အတူ ပြည်တွင်းအခေါက်ရွှေဈေးနှုန်းကျဆင်းမှုမှာ ယခုသီတင်းပတ်တွင် ပြန်လည်ကျဆင်းခဲ့သည်။

ယခုရက်ပိုင်းတွင် ကမ္ဘာ့ရွှေဈေးနှုန်းနှင့် ဒေါ်လာဈေးကျဆင်းလာသလို ရက်သတ္တပတ်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ငွေကျပ် ခြောက်သိန်းခန့် ပြန်လည်ကျဆင်းလာခြင်း ဖြစ်သည်။

ဩဂုတ် ၂၂ ရက်တွင် ကမ္ဘာ့ရွှေဈေးနှုန်း တစ် အောင်စလျှင် ၂၅၀၇ ဒေါ်လာ ပေါက်ဈေးရှိပြီး ရန်ကုန်ရွှေအသင်း၏ အကယ်ဒမီမီးလင်း ရွှေတစ်ကျပ်သားလျှင် ၄၉၀၉၇၀၈ ကျဆင်းခဲ့ရာ တစ်ကျပ်သားလျှင် ငွေကျပ် လေးသောင်းခန့် နှစ်ရက်အတွင်း ထပ်မံကျဆင်းခဲ့ခြင်းဖြစ်သည်။

ပြင်ပဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ်နေသည့် ရွှေဈေးနှုန်းများမှာ ကြိုက်ရောင်း၊ ကြိုက်ဝယ်ဈေးနှုန်းများသာဖြစ်ပြီး တစ်ဆိုင်နှင့်တစ်ဆိုင်၊ နေရာဒေသတစ်ခုနှင့်တစ်ခု တူညီမှုမရှိနိုင်သည့်အပြင် ရောင်းမှား၊ ဝယ်မှားများဖြစ်ကာ ဆုံးရှုံးမှုများ ကြုံနိုင်သည့်အတွက် သတိပြုရောင်းဝယ်ကြရန် ရွှေလုပ်ငန်းရှင်အသင်းက သတိပေးထားကြောင်း သိရသည်။ **ရွှေမန်း**

# ကိုယ့်အားကိုယ်ကိုး၍ တိုးတက်ကြပါစေ

ကိုကိုပံသု
(ပခုက္ကူတက္ကသိုလ်)

ယနေ့ကမ္ဘာ ဤလူ့ရွာတွင် လူသားမျိုးနွယ်စုများစွာ နေထိုင်လျက် ရှိနေကြပါသည်။ ရေမြေသဘာဝ၊ ပထဝီအနေအထားနှင့် ဥတုရာသီ ကွဲပြားခြားနားသည့် ဒေသများဖြစ်ကြသည့် ကုန်းမြင့်တောင်တန်း၊ မြစ်ဝှမ်းလွင်ပြင်၊ ပင်လယ်ပြင်နှင့် နီးသောနေရာ စသည်ဖြင့် ရေကြည်ရာ မြက်နုရာမှာ နေထိုင်ကြသည်။ နေထိုင်စားသောက်ကြသည့်ဓလေ့၊ ကိုးကွယ်သည့်ဘာသာ၊ အယူဝါဒ၊ ပြောကြားသည့်စကား စသည်များ ကွဲပြားခြားနားကြသည်။ သို့သော် လူသားအားလုံးသည် မိမိတို့၏ဘဝ ရပ်တည်မှု၊ အေးချမ်းသာယာမှု၊ စီးပွားတိုးတက်မှု၊ မိမိတို့အဖွဲ့အစည်း ထာဝစဉ်တိုးတက်နေစေမှု စသည်တို့အတွက် ကြိုးစားနေကြသည်။

လူသားအားလုံးသည် စိတ်ချမ်းသာ ကိုယ်ကျန်းမာ၍ ပျော်ပျော်ရွှင်ရွှင် နေထိုင်လိုကြသည်။ ဘေးကင်းရန်ကွာ၍ အစစအရာရာ ဖွံ့ဖြိုးတိုးတက်လိုကြသည်။ မိမိတို့၏ဘဝကို မတောင့်မတ၊ မကြောင့်မကြ နေထိုင်လိုကြသည်။ ထိုအခါ မိမိနည်းမိမိဟန်၊ မိမိတို့၏ ဉာဏ်စွမ်းဖြင့် လောကကြီးကို တည်ဆောက်နေကြသည်။ စစ်မက်ရေးရာ ကင်းရှင်းစွာ၊ သောကကင်းကင်း နေထိုင်လိုကြသည်။ ကြီးနိုင်ငယ်ညှဉ်း၊ သူတစ်လူငါတစ်မင်း၊ နိုင်ထက်စီးနင်း၊ ပြုမူခြင်းကိုတော့ လူသားအားလုံးက မနှစ်သက်ကြပါ။ ရွံမုန်းကြသည်။ လက်မခံလိုကြပေ။

ထိုကဲ့သို့ မိမိတို့၏ဘဝ တိုးတက်အောင်မြင်၍ ချမ်းချမ်းသာသာ နေထိုင်နိုင်ရေး၊ သောကကင်းကွာ စိတ်အေးချမ်းစွာ နေထိုင်နိုင်ရေး၊ စီးပွားဥစ္စာ ကြွယ်ဝပြည့်စုံစေရေး၊ ဘေးကင်းရန်ကွာ လုံခြုံစွာ နေထိုင်နိုင်ကြရေးသည် မိမိတို့ကိုယ်တိုင်သာ ကြိုးစားအားထုတ် အလုပ်လုပ်ကြရပါမည်။ မိမိကိုယ်သာ ကိုးကွယ်ရာဟု ထင်မှတ်ထားကြရပါမည်။

မိမိတို့၏ဘဝ မြင့်မားရေး၊ စိတ်ချမ်းသာ၍ ကိုယ်ကျန်းမာရေး၊ ကြွယ်ဝချမ်းသာရေး၊ ပညာရဲရင့် ပွဲလည်တင့်စေရေး၊ ငါးတန်ဗလ ပြည့်ဝနေစေရေး စသည်တို့မှာ မိမိတို့၏ အပေါ်တွင်သာ မူတည်နေပါသည်။ မိမိတို့ဘဝကို မိမိတို့ကိုယ်တိုင် အလှဆင်ကြရမည်။ ပြုပြင်ဖန်တီးကြရမည်။ စိတ်အားထက်သန်၍ ဇွဲမာန်အပြည့်နှင့် ကြိုးစားကြရမည်။ မိမိတို့တာဝန်ကို ကျေပွန်ကြရပါမည်။

လောကတွင် မိမိတို့၏တာဝန်ကို မိမိကိုယ်တိုင်သာလျှင် ကျေကျေပွန်ပွန်၊ ကောင်းကောင်းမွန်မွန် ကြိုးစားလုပ်ဆောင်ကြရပါမည်။ တာဝန်ကျေကျေ ကြိုးစားနေမှသာ အောင်မြင်မှုဟူသော သုခချမ်းသာနှင့် မိမိတို့ဘဝ၏ တိုးတက်မှု ကောင်းကျိုးရလဒ်များကို ခံစားရပါမည်။ လောကအလယ်တွင် တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ရေးအတွက် ကိုယ့်ဝန်ကိုယ်ထမ်း၍ ကိုယ့်တာဝန်ကိုယ် ကျေပွန်ကြရပါမည်။

လူတို့အား ပထမ၊ ဒုတိယ၊ တတိယ ဟူ၍ အရွယ်သုံးပါး အကြမ်းအားဖြင့် သတ်မှတ်ထားကြပေရာ အသက်အရွယ်ကိုလိုက်၍ တာဝန်ကိုယ်စီ ရှိနေကြပါသည်။ ပထမအရွယ် ပညာသင်ယူကြရမည့်အရွယ်တွင် မိမိတို့တာဝန်ကို ကျေပွန်ကြရန် လိုအပ်ပါသည်။ 'အစကောင်းမှ အနှောင်းသေချာ' ဆိုသကဲ့သို့ ကလေးဘဝအရွယ်ကစ၍ အလေ့အကျင့်ကောင်းများ၊ တာဝန်ကို လေးစားသည့်စိတ်၊ တာဝန်ကျေပွန်စွာ လုပ်ဆောင်လိုစိတ်၊ အများအကျိုးကို ဆောင်ရွက်လိုစိတ်များ မွေးမြူထားကြမှသာလျှင် ဒုတိယ၊ တတိယအရွယ်တွင် အစစ အဆင်ပြေမည် ဖြစ်ပါသည်။

ပထမအရွယ်သည် ကျောင်းသားအရွယ်ဖြစ်၍ အဓိကအားဖြင့် လုပ်ဆောင်ကြရမည်မှာ **'မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်။ မိမိအတန်းကို ကောင်းအောင်ကြိုးစားမည်။ မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်။ မိမိတိုင်းပြည်အတွက် ကောင်းအောင်ကြိုးစားမည်'** ဟူသော တာဝန်များကို ကျေပွန်ကြရပါမည်။ စာတော်ဖို့ ကြိုးစားကြရမည်။ ယဉ်ကျေးလိမ္မာ၊ ကိုယ်ကျင့်သိက္ခာ ပြည့်ဝစေရမည်။ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနှင့် ဘောဂဗလ တည်းဟူသော ဗလငါးတန်နှင့် ပြည့်စုံကြရမည်။ ဤကဲ့သို့ ပြည့်စုံရန်အတွက် ကြိုးစားကြရမည်။ ကျောင်းတွင် ကျောင်းစည်းကမ်း၊ အိမ်တွင် အိမ်စည်းကမ်းကို လိုက်နာကြရပါမည်။ အိမ်တွင် မိဘကိုကူညီပါ။ မိဘတို့၏ ပြောဆိုဆုံးမမှန်သမျှကို လိုက်နာပါ။ သားကောင်းရည်မွန် လူရည်ချွန်ဖြစ်ရန် ကြိုးစားကြပါ။ ဤသို့ဖြစ်ရန် မိမိတို့ကိုယ်တိုင်က လုပ်ဆောင်ကြပါ။ မိမိကိုယ်သာ ကိုးကွယ်ရာ ဖြစ်သည်ကို အမြဲမှတ်ယူထားကြပါ။

ဒုတိယအရွယ်သည် မိမိတို့ဘဝအတွက် အရေးကြီးဆုံးကာလ ဖြစ်ပါသည်။ ပညာပြည့်ဝပြီဖြစ်၍ မိမိတို့နှင့် သင့်တော်သည့် အလုပ်ဌာနများ၊ နေရာဒေသများတွင် အသီးသီး တာဝန်ယူကြရသည်။ မိမိတို့၏ အလုပ်တာဝန် ကျေပွန်ကြရေးသည် အဓိကဖြစ်သည်။ ပညာရေးဌာနတွင် တာဝန်ယူနေသူဖြစ်ပါက မိမိတို့၏တပည့်များ ပညာပြည့်ဝနှလုံးလှစေရေး၊ ထူးချွန်ထက်မြက်သည့် လူကောင်းလူတော်များ ဖြစ်လာစေရေး၊ နိုင်ငံ့အတွက် အားထားရမည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးကို တာဝန်ကျေကျေ လုပ်ဆောင်ကြရပေမည်။ မိမိကိုယ်တိုင်ကလည်း အရည်အချင်း ပြည့်ဝသော၊ ကျောင်းသားလူငယ်တို့၏ အားကိုးအားထားပြုရာ စံပြဆရာ ဆရာမများ ဖြစ်လာရန်လည်း တာဝန်ရှိနေပါသည်။ ဤသို့ဖြစ်ရန် မိမိတို့ကိုယ်တိုင် ကြိုးစားကြရပါမည်။

စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး၊ လုံခြုံရေးတာဝန်များကို ယူနေရသည်ဆိုပါကလည်း ထို့အတူသာ ဖြစ်ပါသည်။ မိမိတို့၏ ပေးအပ်ထားသော တာဝန်များ ကျေပွန်ကြရပါမည်။ မိမိတို့၏ ဂုဏ်သိက္ခာနှင့် အကျင့်စာရိတ္တကို ထိန်းပါ။ အတ္တနှင့်ပရကို မျှမျှတတ လုပ်ဆောင်ပါ။ အဂတိတရား ကင်းရှင်းပါစေ။ မိမိတို့၏ လုပ်ဆောင်မှုမှန်သမျှသည် မင်္ဂလာတရားနှင့် ပြည့်စုံသော၊ အများကောင်းကျိုးအတွက်ဖြစ်သော အကျိုးရလဒ်များသာ ဖြစ်ရပါမည်။

အတ္တ၊ လောဘ၊ မာန်မာနတို့ ကင်းရှင်းကြပါစေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတည်းဟူသော သူတော်ကောင်းတရား လက်ကိုင်ထားကြပါ။ စိတ်ဆိုးစိတ်ယုတ်မာ ကင်းပါစေ။ အများအကျိုးအတွက်သာ ဖြစ်ရမည်ဟူသော စိတ်ကောင်းစေတနာကောင်းတို့ မွေးမြူကြပါ။ ဤကဲ့သို့ ဖြစ်လာကြစေရန် ကိုယ့်အားကိုယ်ကိုး၍ မိမိတို့ကိုယ်တိုင် လုပ်ဆောင်ကြရပါမည်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြပါ။ မိမိ၏ ခံယူချက်၊ မိမိ၏ အတွေးအခေါ်၊ အယူအဆ၊ မိမိတို့၏ စိတ်နေသဘောထား၊ မိမိတို့၏ လုပ်ဆောင်ချက်များသည်သာ အဓိကဖြစ်၍ ကောင်းမြတ်သည့် တာဝန်ကို ကျေပွန်ကြရပါမည်။

> **အတ္တ၊ လောဘ၊ မာန်မာနတို့ ကင်းရှင်းကြပါစေ။ မေတ္တာ၊ ကရုဏာ၊ မုဒိတာတည်းဟူသော သူတော်ကောင်းတရား လက်ကိုင်ထားကြပါ။ စိတ်ဆိုး စိတ်ယုတ်မာကင်းပါစေ။ အများအကျိုးအတွက်သာ ဖြစ်ရမည်ဟူသော စိတ်ကောင်းစေတနာကောင်းတို့ မွေးမြူကြပါ။ ဤကဲ့သို့ ဖြစ်လာကြစေရန် ကိုယ့်အားကိုယ်ကိုး၍ မိမိတို့ကိုယ်တိုင် လုပ်ဆောင်ကြရပါမည်။ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားကြပါ။ မိမိ၏ ခံယူချက်၊ မိမိ၏ အတွေးအခေါ်၊ အယူအဆ၊ မိမိတို့၏ စိတ်နေသဘောထား၊ မိမိတို့၏ လုပ်ဆောင်ချက်များ သည်သာ အဓိကဖြစ်၍ ကောင်းမြတ်သည့်တာဝန်ကို ကျေပွန်ကြရပါမည်။**

တတိယအရွယ်သည် ကုသိုလ်ရှာကြရမည့် အရွယ်ဖြစ်ပေသည်။ မိမိတို့၏ မိသားစုနှင့် နိုင်ငံ့အကျိုးကို အတိုင်းအတာတစ်ခုအထိ တာဝန်ကျေခဲ့ပြီး၊ လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်သင့်ပါသည်။ လူ့လောကကြီး၏ သုခ၊ ဒုက္ခ၊ လူမှုရေး၊ စီးပွားရေး၊ အုပ်ချုပ်ရေး စသည့် ကဏ္ဍများတွင်လည်း အထိုက်အလျောက် လုပ်ဆောင်ခဲ့ပြီး ဖြစ်ပေရာ တတိယအရွယ်တွင် ထိုကိစ္စများမှ အနားယူကြရပေမည်။ မိမိတို့အကျိုး၊ အများ၏အကျိုးကို လုပ်ဆောင်ပေးခဲ့ပြီး ဖြစ်ပေရာ မိမိတို့အတွက် မိမိတို့နောက်သို့ လိုက်ပါလာမည့် ကုသိုလ်အမှု အစုစုကို မလွဲမသွေလုပ်ဆောင်ကြရမည့်အချိန် ဖြစ်ပေသည်။

တတိယအရွယ်သို့ ရောက်နေသော်ငြား လောဘများစွာ ကြီးထွားနေဆဲ၊ ဒေါသများစွာ ကျန်ရှိနေဆဲ၊ မောဟတို့သာ လွှမ်းမိုးနေဆဲ၊ လိုချင်ရမ္မက်တို့ တိုးပွားနေဆဲ၊ အတ္တများစွာ ရင်မှာထား၍ ကုသိုလ်များနှင့်ဝေးနေဆဲဆိုပါက သင်၏ ဘဝကူးကောင်းတော့မည်မဟုတ်ပါ။ 'လောဘနှင့်သေ ငရဲပြည်၊ မောဟနှင့်သေ ပြိတ္တာပြည်' ဆိုသည်ကိုတော့ သတိရသင့်ပါသည်။

လောဘ၊ ဒေါသ၊ အတ္တ၊ မာန်မာန၊ လိုချင်တပ်မက်မှု၊ မတရားရယူလိုမှု စသော အကုသိုလ်တရားများ ဖုံးလွှမ်းနေသူ၊ အသိတရားကင်းမဲ့နေသူ၊ ကုသိုလ်အမှုပြုလုပ်ရန် ဝေးနေသူ၊ ဓမ္မနှင့် အဓမ္မဆိုသည်ကို ခွဲခြား၍ မသိမြင် ဆင်ခြင်တုံတရားမရှိသူများအတွက် လူ့ဘဝသည် လူဖြစ်ရကြိုးမနပ်ဟု ဆိုရပါတော့မည်။ တတိယအရွယ်တွင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို လုပ်ဆောင်ရန်အတွက် မေ့လျော့နေပါက နောင်သံသရာတွင် ဆိုးကျိုးများစွာ ခံစားကြရပေတော့မည်။

ထိုသို့ မဖြစ်စေရန်အတွက် မိမိကိုယ်ကို ပြုပြင်ပါ။ မိမိတို့စိတ်ကို ထိန်းပါ။ အတ္တနှင့်ပရကို မျှမျှတတ ဝေဖန်စဉ်းစားပါ။ အရာရာကို လုပ်ထိုက်၊ မလုပ်ထိုက်၊ လုပ်သင့်၊ မလုပ်သင့် ကြိုတင်လို့ စဉ်းစားပါ။ တရားအသိနှင့် ဓမ္မအသိ ရှိနေကြရန် လိုအပ်ပါသည်။ ဤသို့ ဖြစ်လာစေရန်သည် မိမိတို့ကိုယ်တိုင်သာ လုပ်ဆောင်ကြရမည် ဖြစ်ပါသည်။ မိမိကိုယ်ကို ကိုးကွယ်ပါ။ မိမိတို့စိတ်ကို ပြုပြင်ပါ။ မိမိတို့ရောက်နေသည့် အရွယ်ကို အထပ်ထပ် အခါခါစဉ်းစားပါ။ တတိယအရွယ်၏ တာဝန်များ၊ တတိယအရွယ်တွင် လုပ်ဆောင်သင့်သည်များကို ကျေပွန်ကြရန် လိုအပ်ပါသည်။

အရွယ်သုံးပါးစလုံးတွင် အသိတရားဖြင့် သတိထား၍ ကိုယ့်ဝန်ကိုယ်ထမ်း၊ ကိုယ့်အားကိုယ်ကိုး၍၊ လောကအကျိုး၊ ဓမ္မအကျိုးကို သယ်ပိုးကြပါ။ 'ကိုယ့်အားကိုယ်ကိုး၍ တိုးတက်ကြပါစေ'။ 'သာယာချမ်းမြေ့ တရားတွေ့ကြပါစေ' ဟူ၍သာ -------- ။

# အတိုးနှုန်းကို ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဟု ဘင်္ဂလားဒေ့ရှ်ဘဏ်ဥက္ကဋ္ဌ အာဆန်မန်ဆော ပြောကြား



**ဒက္ကာ ဩဂုတ် ၂၂**

ရက်ပိုင်းအတွင်း အတိုးနှုန်းကို ၉ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားမည်ဟု ဘင်္ဂလားဒေ့ရှ်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါက်တာအာဆန်မန်ဆော ဩဂုတ် ၂၂ ရက်က ထုတ်ဖော်ပြောကြားလိုက်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အဆိုပါသတင်းဌာနက ၎င်းကို တွေ့ဆုံမေးမြန်းစဉ် ထိုသို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ပြည်တွင်း၌ ကြုံတွေ့နေရသော ငွေကြေးဖောင်းပွမှုကို ထိန်းချုပ်နိုင်ရန်အတွက် ရှေ့လာမည့် လအနည်းငယ်အတွင်း ဘဏ်အတိုးနှုန်းများကို ၁၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရဖွယ်ရှိသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ပြည်တွင်းနိုင်ငံရေးမငြိမ်သက်မှုကြောင့် အထည်ချုပ်လုပ်ငန်းများ၏ ကုန်ထုတ်လုပ်မှုကို များစွာထိခိုက်ရာမှ ငွေကြေးဖောင်းပွကာ ကုန်ဈေးနှုန်းများလည်း တိုးမြှင့်လျက်ရှိသည်။

အမေရိကန်ဒေါ်လာ ၄ ဒသမ ၇ ဘီလီယံ ထပ်ချေးပေးပြီးနောက် ငွေကြေးတန်ဖိုးကို ထိန်းချုပ်ကာ ငွေကြေးမူဝါဒကိုလည်း ခိုင်မာအောင် ဆောင်ရွက်ရန် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့က တိုက်တွန်းထားသည်။

မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်မှ ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံ၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ဒေါ်လာ ၁ ဘီလီယံနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ဒေါ်လာ ၁ ဘီလီယံ ချေးယူရန်လည်း စီစဉ်ထားသည်ဟု ဒေါက်တာအာဆန်မန်ဆောက ထည့်သွင်းပြောကြားကြောင်း သိရသည်။ **Mon**



# သက်တော် ၈၉ နှစ်အရွယ် ဒလိုင်လားမား နယူးယောက်မြို့သို့ အလည်အပတ် ကြွလာ

**ဝါရှင်တန် ဩဂုတ် ၂၂**

သက်တော် ၈၉ နှစ်အရွယ် တိဘက်ဗုဒ္ဓဘာသာဂိုဏ်းချုပ် ဒလိုင်လားမား ဩဂုတ် ၂၁ ရက်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့သို့ အလည်အပတ် ကြွရောက်လာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အိမ်ဖြူတော်မှ တာဝန်ရှိသူများက ခရီးဦးကြိုပြုပြီး ပြောဆိုဆွေးနွေးခဲ့ကြသည်။

သမ္မတ ဂျိုးဘိုင်ဒင်က ဒလိုင်လားမားကို ဖိတ်ကြားခဲ့ခြင်းမရှိသဖြင့် ကိုယ်စားလှယ်လွှတ်၍သာ တစ်ဆင့်နှုတ်ခွန်းဆက်စကားပါးခဲ့ကြောင်း သိရသည်။ **Mon**

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



အစိုးရဖွဲ့စည်းပြီးကြောင်း ပါလီမန်တွင် အစီရင်ခံတင်ပြနေသော အီရန်သမ္မတ မာဆွတ်ပေဇက်ရှ်ကီယန်ကို ဩဂုတ် ၂၂ ရက်က တွေ့ရစဉ်။ **Mon**

# စစ္စလီကမ်းရိုးတန်း ရွက်လှေနစ်မြုပ်မှု ရုပ်အလောင်း ငါးလောင်း ဆယ်ယူရရှိ

**ပါလာမို ဩဂုတ် ၂၂**

စစ္စလီကျွန်းကမ်းရိုးတန်း လွန်ပင်လယ်ပြင်ထဲ၌ ဩဂုတ် ၁၉ ရက်က ဖြစ်ပွားသော ဘာယေးရှန်းဇိမ်ခံရွက်လှေနစ်မြုပ်မှုတွင် ပျောက်ဆုံးနေသူများကို ရေငုပ်သမားများ လိုက်လံရှာဖွေခဲ့ရာ အသက်ရှင်လျက် မကယ်ဆယ်နိုင်တော့ဘဲ ဩဂုတ် ၂၁ ရက်က ရုပ်အလောင်း ငါးလောင်းကို ဆယ်ယူရရှိလာခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

၎င်းတို့ထဲတွင် ဗြိတိသျှဆော့ဖ်ဝဲနည်းပညာသူဋ္ဌေး မိုက်ခ်လင့်ချ်နှင့် သမီး ဟန်နာလင့်ချ်၊ မော်ဂန်စတန်လေး အပြည်ပြည်ဆိုင်ရာဘဏ်ခွဲဥက္ကဋ္ဌ ဂျိုနသန်ဘလွန်းမားနှင့် ဇနီး ဂျူဒီဘလွန်းမားတို့၏ ရုပ်အလောင်းများပါဝင်ကြောင်း အီတလီကမ်းရိုးတန်းစောင့်တပ်ဖွဲ့က အတည်ပြုကြေညာသည်။

ဇရာမဝဲကြီးကြောင့် နစ်မြုပ်သွားခဲ့သည်ဟု ယူဆရသော အဆိုပါဇိမ်ခံရွက်လှေကို နည်းပညာသူဋ္ဌေး မိုက်ခ်လင့်ချ်၏ ဇနီးက ပိုင်ဆိုင်ကြောင်း သိရသည်။

**Mon**




# နယူးဇီလန်နိုင်ငံ အဖြူရောင်ကျွန်းပေါ်မှ မီးတောင် အပြည့်အဝပေါက်ကွဲပြီး ပြာမှုန်များ မှုတ်ထုတ်နေ

**ဝယ်လင်တန် ဩဂုတ် ၂၂**

နယူးဇီလန်နိုင်ငံ အဖြူရောင်ကျွန်းပေါ်မှ မာအောရီကျွန်းသားများက ဝှါကာရီဟုခေါ်သော မီးတောင်ကြီး ဩဂုတ် ၂၁ ရက်က အပြည့်အဝပေါက်ကွဲပြီးနောက် ပြာမှုန်များ မှုတ်ထုတ်နေကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

မြောက်ကျွန်းမှ ကီလိုမီတာ ၅၀ ခန့်၊ အော့ကလန်းမြို့မှ ကီလိုမီတာ ၂၀၀ ခန့် ကွာဝေးသော ယင်းအဖြူရောင်ကျွန်းပေါ်တွင် ဖြစ်ပွားသည့် မီးတောင်ပေါက်ကွဲမှုကြောင့် ပြည်တွင်း၊ ပြည်ပခရီးသည်တင်လေယာဉ်ခရီးစဉ်အချို့ ဆိုင်းငံ့ထားရဖွယ်ရှိမည်ဟု ဒေသခံမီးတောင်ပညာရှင်များက သုံးသပ်သည်။

ထိုမီးတောင် ပေါက်ကွဲမှုသည် ရက်သတ္တပတ်အနည်းငယ်မှ လပိုင်းအထိ ကြာမြင့်ဖွယ်ရှိသည်ဟုလည်း အဆိုပါပညာရှင်များက သတိပေးထားသည်။

ဝှါကာရီမီးတောင်မှ ထွက်လာသော ဓာတ်ငွေ့အနံ့အသက်များသည် နယူးဇီလန်ကျွန်းမကြီးဘက်အထိ လွင့်ပျံ့လာနိုင်ပြီး ရှူရှိုက်မိသူများ မျက်စိနှင့်လည်ချောင်းယားယံသည့် ဝေဒနာခံစားရမည်ဖြစ်ရာ သတိပြုရှောင်ရှားကြရန် သက်ဆိုင်ရာက ကြိုတင်သတိပေးထားကြောင်း သိရသည်။ **Mon**






# စာတိုရေးထားသည့် ခရစ္စမတ်ပို့စ်ကတ်လေးတစ်ခု နှစ်ပေါင်း ၁၂၀ ကျော်မှ ပေးပို့သည့်လိပ်စာသို့ ရောက်ရှိ

**လန်ဒန် ဩဂုတ် ၂၂**

စာတိုရေးထားသည့် ခရစ္စမတ်ပို့စ်ကတ်လေးတစ်ခု နှစ်ပေါင်း ၁၂၀ ကျော်မှ ကာယကံရှင် အီဝပ်ဆိုသူ ပေးပို့သော လိပ်စာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အီဝပ်သည် ဗြိတိန်နိုင်ငံ ဆွမ်ဆီးမြို့ ကရက်ဒေါက်လမ်းရှိ ၁၉၀၃ ခုနှစ်က အသက် ၁၆ နှစ်အရွယ် လီဒီယာဒါဗီးစ်ထံသို့ လိပ်မူပြီး ပို့စ်ကတ်လေးကို ပို့ခဲ့ခြင်း ဖြစ်သည်။

တော်ဝင်စာပို့တိုက်ဌာနက လက်ခံမည့်သူမရှိသဖြင့် စာတိုက်အသီးသီးသို့ ပြန်ရောက်လာသော စာများကို စစ်ဆေးသောအခါ အဆိုပါပို့စ်ကတ်ကို တွေ့ရသဖြင့် အင်တာနက်လူမှုကွန်ရက်မှတစ်ဆင့် စုံစမ်းကြည့်ရာ လီဒီယာ၏ နောင်လာနောက်သားများနှင့် အဆက်အသွယ်ရခဲ့သည်ဟု ဆိုသည်။

ယင်းပို့စ်ကတ်ပေါ်ရှိ စာတိုလေးကို "လီဒီယာရေ ဂီးလ်ဘတ်နဲ့ ဝျွန်တို့ကို သွားကြိုဖို့ မမေ့နဲ့နော်။ အားလုံးကို မေတ္တာပို့သလျက်" ဟု အီဝပ်က အဆုံးသတ်ထားလေသည်။ **Mon**

# ဒီမိုကရက်တစ်ညီလာခံကြီး ပြီးဆုံးသွားသည့်တိုင် အစ္စရေးထောက်ခံမှုကန့်ကွက်ရေးကိစ္စ ပြောခွင့်မရ

**ဝါရှင်တန် ဩဂုတ် ၂၂**

အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့တွင် ကျင်းပသော ဒီမိုကရက်တစ်ပါတီညီလာခံကြီး ပြီးဆုံးသွားသည့်တိုင် မိမိတို့အနေဖြင့် အစ္စရေးထောက်ခံမှုကန့်ကွက်ရေးကိစ္စနှင့်ပတ်သက်၍ ပြောခွင့်မရခဲ့ဟု မီချီဂန်ပြည်နယ်မှ ပါတီကိုယ်စားလှယ် တစ်ဦးဖြစ်သူ အက်ဘတ်စ်အလာဝေက သတင်းထောက်များကို ဩဂုတ် ၂၂ ရက်တွင် ထုတ်ဖော်ပြောကြားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

"ဒုတိယသမ္မတ ကာမာလာဟဲရစ်ရဲ့အဖွဲ့က ကျွန်တော်တို့ကို လက်ခံတွေ့ဆုံပြီး ပြောဆိုညှိနှိုင်းခဲ့ကြတာဆိုတော့ ညီလာခံမှာ ပြောခွင့်ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြပေမယ့် အချည်းနှီးဖြစ်ခဲ့ရပါတယ်" ဟု ၎င်းက ရှင်းလင်းပြောပြသည်။

"ကျွန်တော်တို့ ပြောဆိုမယ့် အစီအစဉ်ကို ဒီမိုကရက်တစ်ပါတီ ခေါင်းဆောင်ပိုင်းက ပယ်ချလိုက်တယ်ဆိုတာ မဖြစ်သင့်တဲ့ကိစ္စပါ" ဟုလည်း အက်ဘတ်စ်အလာဝေက ဆက်လက်ထောက်ပြသည်။

ထိုသို့ ပယ်ချခံရကြောင်း ကြားသိရပြီးနောက် ၎င်းနှင့်အခြားကိုယ်စားလှယ် သုံးဦးတို့ ဒီမိုကရက်တစ်ပါတီညီလာခံကျင်းပရာ ညီညွတ်သောစင်တာထဲမှ အပြင်သို့ထွက်ပြီး ထိုင်သပိတ်မှောက်ခဲ့သည်။




၎င်းတို့အပါအဝင် ဒီမိုကရက်တစ်ပါတီထောက်ခံသူ ပါလက်စတိုင်းနွယ်ဖွား အမေရိကန်နိုင်ငံသားများ စုဝေးကာ ဂါဇာကမ်းမြောင်ဒေသ အပစ်အခတ်ရပ်စဲရေးအတွက် ဆက်လက်အရေးဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ကြော်ငြာစာ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အခွန်ဌာန၊ မဟာအောင်မြေ ကျောက်မျက်ရတနာရောင်းဝယ်ရေးစခန်းမှ အောက်ဖော်ပြပါ ဆိုင်ခန်းရှင်(၃၇)ဦး ဆိုင်ခန်း(၄၅)ခန်းအား ဆိုင်ခန်းအမည်ပြောင်းခွင့်ပြုပါရန် တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူရှိပါက ကြော်ငြာသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားစာရွက်စာတမ်းအပြည့်အစုံနှင့်တကွ အခွန်ဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဆိုင်ခန်းအမည်ပြောင်းခြင်းအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| စဉ် | မူလပိုင်ရှင်အမည် | ပြောင်းလဲမည့်အမည် | အဆောင်/အခန်း |
|---|---|---|---|
| ၁။ | ဦးမင်းသက်နိုင် | ဒေါ်ပေါက်လင် | ၁၂/၂ |
| ၂။ | ဦးကျော်သူရ | ဒေါ်ပေါက်လင် | ၁၂/၃ |
| ၃။ | ဦးမင်းသန်း | ဒေါ်လီဆင်းလီ(ပါ-၃) | ၁၂/၆ |
| ၄။ | ဦးအုန်းမောင် | ဒေါ်ငွေငွေအိ | ၁၈/၁၁ |
| ၅။ | ဦးအောင်သိုက်ဝင်း | ဒေါ်ငွေငွေအိ | ၁၈/၁၂ |
| ၆။ | ဒေါ်မေယုနိုင် | **ဒေါ်အေးအေးမွန်(ပါ-၂)** | **၁၉/၁၈** |
| ၇။ | ဦးကျော်ဦး | ဦးစိုးမိုးဦး | ၂၅/၁၆ |
| ၈။ | ဦးမျိုးသက် | ဒေါ်နန်းအေးပွင့် | ၂၇/၂ |
| ၉။ | **ဒေါ်နှင်းမြစိန်(ပါ-၂)** | ဦးမောင်မောင်တင် | ၂၇/၁၁ |
| ၁၀။ | ဦးထက်နိုင်လင်း | ဦးနေမျိုးအောင် | ၂၇/၁၇ |
| ၁၁။ | ဦးသန်းဆွေ | ဦးစိုးမိုးကျော် | ၂၈/၁ |
| ၁၂။ | ဦးမြင့်ထွေး | ဦးထက်ဝေယံဝင်း | ၂၉/၆ |
| ၁၃။ | ဦးဝင်းဦး | ဦးကျော်စိုးမိုး | ၃၀/၈ |
| ၁၄။ | ဦးဇင်မင်း | ဦးအောင်ကျော်(ခ)<br>ဆာဇေရ် | ၃၁/၇ |
| ၁၅။ | ဒေါ်နီနီဝင်း | ဦးကျော်နိုင် | ၃၁/၈ |
| ၁၆။ | ဒေါ်နီနီဝင်း | ဦးအောင်နိုင်ဝင်း | ၃၁/၉ |
| ၁၇။ | ဒေါ်သီရိလွင် | ဒေါ်ခင်ဌေး | ၃၃/၁၇ |
| ၁၈။ | ဦးဝင်းနိုင်ဦး | ဦးမောင်မောင်နိုင် | ၃၄/၆၊၁၅ |
| ၁၉။ | ဦးကိုကိုနိုင် | ဦးမောင်မောင်နိုင် | ၃၄/၇၊၁၄ |
| ၂၀။ | ဒေါ်တင်အေးမာ | ဒေါ်သင်းသင်းခိုင် | ၃၇/၆ |
| ၂၁။ | ဦးကျော်စိုးမိုး | ဒေါ်မေကျော့ခိုင် | ၃၉/၈ |
| ၂၂။ | ဦးခွန်နုးစံ | ဒေါ်ဂျင်မီထွန်း | ၃၉/၁၁ |
| ၂၃။ | ဦးနေဇော်အောင် | ဒေါ်ဇာလီဖြိုး | ၄၂/၁ |
| ၂၄။ | ဦးအောင်ကျော်မိုး | ဒေါ်ဇာလီဖြိုး | ၄၂/၂၀ |
| ၂၅။ | ဒေါ်ကြင်မြင့် | ဦးမြတ်ဇော်ဝင်း(ပါ-၂) | ၄၄/၄၊၁၇ |
| ၂၆။ | ဦးဟန်ထွန်းအောင် | ဦးဇော်မျိုးဝင်း | ၅၂/၁ |
| ၂၇။ | ဦးတင်ထွန်းနိုင် | ဦးသန့်ဇင် | ၅၂/၂ |
| ၂၈။ | ဦးတင်ညြ | ဦးဆီဝေ့ | ၅၉/၁၂ |
| ၂၉။ | ဦးထွန်းရင် | ဦးဆီဝေ့ | ၅၉/၃ |
| ၃၀။ | ဦးထွန်းရင် | ဦးထွန်းထွန်းဝင်း | ၅၉/၄ |
| ၃၁။ | ဦးကျော်ဌေး | ဦးထွန်းထွန်းဝင်း | ၅၉/၅၊၆ |
| ၃၂။ | ဦးအောင်မျိုးနိုင် | ဒေါ်နန်းမြရင် | D/၅၊၆ |
| ၃၃။ | ဦးဝင်းနိုင်ဦး | ဦးသူရဇော် | E /၄ |
| ၃၄။ | ဦးသိန်းနိုင် | ဦးမောင်ကျော် | G /၃ |
| ၃၅။ | ဒေါ်ဝေဝေမြင့် | ဒေါ်စုစုကြည် | K /၁၃ |
| ၃၆။ | ဦးဝင်းနိုင် | ဦးမျိုးအောင် | U/၁၊၂ |
| ၃၇။ | ဦးဝင်းနိုင် | ဒေါ်ချိုချိုဝင်း | U/၃၊၄ |

**အခွန်ဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၃၀)၊ ဦးပိုင်အမှတ်(၄၃)၊ ၃၇လမ်းနှင့်၃၈လမ်းကြား၊ ၈၂လမ်းနှင့်၈၃လမ်းကြားရှိ ဘိုးဘမြေကွက်အား အမည်ပေါက်သူ မိဘများဖြစ်ကြသော ဖခင် ဦးရွှေ၊ မိခင် ဒေါ်ကြည်ထွေးတို့ ကွယ်လွန်ကြ၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဒေါ်လှလှမြင့် (၉/မရတ(နိုင်)၀၄၀၄၉၄)၊ ဒေါ်သီတာဝင်း(၉/မရတ(နိုင်)၀၄၀၄၉၂)၊ ဦးထွန်းအောင်ကို(၉/ မရတ(နိုင်)၀၀၂၀၄၄)၊ ဦးဇော်ဇော်ထွန်း(၉/မရတ(နိုင်)၀၀၀၉၆၁)တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အကွက်အမှတ်(၃၃၆)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ၃၆လမ်းနှင့်၃၇လမ်းကြား၊ ၉၁လမ်းရှိ ဒေါ်သန်းရီ အမည်ပေါက် ဘိုးဘမြေကွက်အား ဒေါ်သန်းရီ(အပျို၊ဘ၀)၊ (ဖခင်)ဦးသန်းအောင်၊ (မိခင်)ဒေါ်သန်းကြည်၊ (သား)ဦးတင်ဝင်း(လူပျိုဘ၀)၊ ဦးကျော်စိုးမိုး(လူပျိုဘ၀)တို့ကွယ်လွန်၍ ကျန်ရစ်သူ သား၊ သမီး၊ တူ၊ တူမများဖြစ်သော ဒေါ်ခင်မေဦး(၉/မနတ(နိုင်)၀၅၉၁၂၇)၊ ဒေါ်ကေသွယ်အောင်(၉/မနတ(နိုင်)၀၅၉၁၂၈)၊ ဒေါ်ကြူကြူခိုင်(၉/မနတ(နိုင်)၀၅၉၁၂၆)၊ ဦးခင်မောင်အေး(၉/မနတ(နိုင်)၀၅၉၂၃၃)၊ ဒေါ်မာမာအေး(၉/မဟမ(နိုင်)၀၀၁၅၈၅)တို့က ဘိုးဘအမည်ပေါက် မြေပုံ၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၆)၊ ဦးပိုင်အမှတ်(၁၀)၊ ၄၈လမ်းနှင့်၄၉လမ်းကြား၊ ၁၁၅လမ်းရှိ ဦးအုန်းကျော် အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးလှဌေး(ခ)ဦးချစ်မောင်၊ မိခင် ဒေါ်ခင်ကြည်၊ သား ဦးအုံးကြည်(ခ)အုန်းကျော်တို့ကွယ်လွန်ကြ၍ ကျန်ရစ်သူ သားသမီးများဖြစ်ကြသော ဦးစိုးဝင်း(၉/မရတ(နိုင်)၀၆၆၄၁၆)၊ ဒေါ်ခင်မာကြည်(၉/မရတ(နိုင်)၀၆၆၄၇၃)၊ ဦးစိုးမြင့်(၉/မရတ(နိုင်)၀၆၆၄၈၈)၊ ဦးစိုးချစ်(၉/မရတ(နိုင်)၁၂၀၈၆၀)တို့က တောဂရန်မူရင်း၊ မြေချထားမိန့်မူရင်း၊ ငွေသွင်းပြေစာမူရင်းတို့မှာ အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရဲစခန်းနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ မဟာဗေယျာဘုံရပ်ကွက်၊ အကွက်အမှတ်(၅၁၄/၁၀)၊ ဦးပိုင်အမှတ်(၅၉-ခ)၊ ၂၆လမ်း၊ ၅၈လမ်းနှင့်၅၉လမ်းကြားရှိ ဦးဇော်မျိုးဝင်း၊ ဒေါ်စန္ဒာအုန်း၊ ဦးရန်နိုင်အုန်းတို့ အမည်ပေါက် ဂရန်မြေကွက်အား ဦးဇော်မျိုးဝင်း(လူပျိုကြီးဘ၀)ဖြင့် ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၂၀၉/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော မောင်နှမများဖြစ်ကြသည့် ဒေါ်စန္ဒာအုန်း(၉/မနတ(နိုင်)၀၀၃၂၃၆)၊ ဦးရန်နိုင်အုန်း(၉/မနတ(နိုင်)၀၀၃၂၄၉)တို့က အမှုတွဲအမှတ်(၃၂၁၀/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးရန်လုံရပ်ကွက်၊ အကွက်အမှတ်(၇၆)၊ ဦးပိုင်အမှတ်(၁၀-ဈ)၊ ၁၄လမ်း၊ ၈၇လမ်းနှင့်၈၈လမ်းကြားရှိ ဒေါ်ချိန်သိန်း အမည်ပေါက် ဘိုးဘမြေကွက်အား ဖခင်များဖြစ်ကြသော ဦးသိန်းမောင်၊ ဦးလှအောင်၊ မိခင် ဒေါ်ချိန်သိန်း သားဖြစ်သူ ဦးသန်းဦးတို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၄၃၆/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့ကြသော သား၊ သမီး၊ ချွေးမဖြစ်ကြသည့် ဦးတင်ဦး၊ ဒေါ်ခင်ရီ၊ ဒေါ်ခင်အုန်းရီ၊ ဦးမြင့်အေး၊ ချွေးမ ဒေါ်စန်းရီတို့ (၅)ဦးအနက် ဦးတင်ဦး(ပါ-၄)ဦးထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၁၄၃၇/၂၀၁၅)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ ဒေါ်ခင်အုန်းရီထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၄၅၆/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ရဲထွန်း(၉/အမဇ(နိုင်)၀၅၃၇၉၉)က အမှုတွဲအမှတ် (၀၄၀၆/ဘ (ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ကန်ကောက်ရပ်ကွက်၊ အကွက်အမှတ် (A-10)၊ ဦးပိုင်အမှတ်(၂၄)၊ ၂၉(A)လမ်းနှင့် ၂၉(B)လမ်းကြား၊ ၅၃လမ်းနှင့်၅၄လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကြည်ကြည်မြင့်၏ (SP ရရှိသူ ဒေါ်ခင်ခင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၃၀၉၀/၂၀၀၇)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းမော်၏ (SP ရရှိသူ ဦးကိုကိုဇော်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၅၂၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဇာနီကျော်(၉/မနမ(နိုင်)၁၂၁၃၇၀)က အမှုတွဲအမှတ် (၃၂၁၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ သီရိဟေမာအနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၂၇)၊ ဦးပိုင်အမှတ်(၃၂-ဃ) ၉၂လမ်း၊ ၂၆လမ်းနှင့်၂၇လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးချစ်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၄၅၆/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်တင်တင်မြင့်၊ ဦးဝင်းမြင့်ဦးတို့(၂)ဦးအနက် ဇနီးဖြစ်သူ ဒေါ်တင်တင်မြင့်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၂၅၂/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့ကြသော ခင်ပွန်းဖြစ်သူ ဦးခင်မောင်သောင်း(၉/မနတ(နိုင်)၀၃၂၄၅၂)ပူးတွဲမြေကွက် အမည်ပေါက်သူ သားဖြစ်သူ ဦးဝင်းမြင့်ဦး(၉/မနတ(နိုင်)၀၃၂၄၅၃)တို့၏ (SP ရရှိသူ ဒေါ်သန္တာစိုး)က အမှုတွဲအမှတ်(၃၂၁၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း၊ ခွဲကျန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၄)၊ ဦးပိုင်အမှတ်(၉)၊ ၈၂လမ်း၊ ၂၉လမ်းနှင့်လမ်း ၃၀ကြားရှိ မနွဲ့နွဲ့ကျင်၊ မမိမိကျင်၊ မောင်သက်ကြီး အမည်ပေါက် ဘိုးဘမြေကွက်အား မနွဲ့နွဲ့ကျင်(ခ)ဒေါ်မွှိက်ဖောင်၊ ဒေါ်မိမိကျင်(ခ)ဒေါ်မွေစယိုတို့၏ (GP ရရှိသူ ဦးမျိုးမြတ်မင်း)တို့ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ်(၂၇၇၈/၂၀၂၄)ဖြင့် စွန့်လွှတ်ခြင်းကို လက်ခံသူ၊ ဦးသက်ကြီး(၉/မရမ (နိုင်)၀၃၂၃၂၀)က အမှုတွဲအမှတ်(၀၄၀၇/ဘ(ပယ်ဖျက်)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ၊ ပယ်ဖျက် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဆောက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဆောက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်ရင်ရင်န | ၉/မနမ(နိုင်)၀၁၂၄၃၅ | အောင်မြေသာစံ | အမရဌာနီအရှေ့ | ၄၁၅-ဗ/၃၀ | ၂၃ | RC (၃)ထပ်ပုံစံပြောင်း |
| ၂။ | ဒေါ်ကေခိုင်မိုး | ၉/အမဇ(နိုင်)၀၂၀၈၅၅ | အောင်မြေသာစံ | အနိပ်တော် | ၄၁၇ | ၁၂၇-ကခဲစင်း | SS (၃)ထပ် |
| ၃။ | ဦးဇော်နီစိုး | ၁၃/မဆတ(နိုင်)၀၄၇၁၀၂ | ချမ်း/စံ | မောရဂီဝါ | ၇၀၃ | ၅၄က+၅၄ခ+၅၅ | RC (၄)ထပ်(ပုံစံပြောင်း) |
| ၄။ | ဒေါ်တင်တင်ဝင်း | ၁/မညန(နိုင်)၀၅၁၁၆၁ | ချမ်း/စံ | ကန်ကောက် | ၅၁၄/၃ | ၅၁ | RC (၄)ထပ်တိုးချဲ့ |
| ၅။ | ဦးခင်မောင်ဇော် | ၈/မမန(နိုင်)၁၈၀၀၁၄ | အောင်မြေသာစံ | ပုလဲငွေရောင် | ၁၅၀ | ၁၀ | RC (၃)ထပ် |
| ၆။ | ဒေါ်ရွှေ | ၁၂/ကမရ(နိုင်)၀၄၄၅၄၂ | အမရပူရ | နတ်ရေကန် | ၅၈၇ | ၁၁၀/၁ | SS (၁)ထပ် |
| ၇။ | ဦးထူးအောင်မြင့် | ၁၂/သဃက(နိုင်)၁၅၇၂၉၆ | အမရပူရ | မှန်တန်း | ၆၀၃-က | ၅/၆၀၆(ခဲ) | RC (၄)ထပ် |
| ၈။ | ဒေါ်ရင်ရီဆွေ | ၁၃/တမည(နိုင်)၀၀၀၅၂၄ | ချမ်းမြသာစည် | အောင်ပင်လယ် | ၈၈-၁၃ | ၅၅ | RC (၆)ထပ်ပုံစံပြောင်း |
| ၉။ | ဦးကျော်မိုးအောင် | ၉/အမဇ(နိုင်)၀၂၂၅၇၃ | ချမ်းမြသာစည် | မြို့သစ်(၃) | ၀-၁ | ၇၉(ခဲစင်း) | RC (၃)ထပ် |
| ၁၀။ | ဦးခင်မောင်ဦး | ၉/မမန(နိုင်)၀၁၉၈၉၇ | ချမ်းမြသာစည် | မြို့သစ်(၁) | ဏ-၈ | ၁၀-က | SS (၃)ထပ် |
| ၁၁။ | ဦးအေးမင်းကို(ပါ-၂) | ၅/တဆန(နိုင်)၁၃၃၆၃၅ | ချမ်းမြသာစည် | မြို့သစ်(၁) | C (ဝီ) | ၈၂ | RC (၄)ထပ် |
| ၁၂။ | ဒေါ်အေးအေးအောင် | ၉/မရမ(နိုင်)၀၄၉၀၀၃ | ချမ်းမြသာစည် | မြို့သစ်(၁) | H | ၆၇ | RC (၃)ထပ် |
| ၁၃။ | ဦးဝင်းဇော် | ၈/မမန(နိုင်)၁၈၆၉၅၂ | ပြည်ကြီးတံခွန် | (စ) | တတ-၃ | ၅၇-က | RC (၃)ထပ် |
| ၁၄။ | ဦးခင်ဇော် | ၉/မနတ(နိုင်)၀၃၅၁၆၈ | ပြည်ကြီးတံခွန် | ငွေတော်ကျီကုန်း | အ-၂၀ | ၁၀၁ | RC (၃)ထပ် |
| ၁၅။ | ဒေါ်ချိုချိုဝင်း | ၁/ဗမန(နိုင်)၀၄၇၅၄၈ | ပြည်ကြီးတံခွန် | (ဈ) | လလ-၅၀ | ၂၀ | SS (၂)ထပ် |
| ၁၆။ | မိုးသစ္စာမြေကုမ္ပဏီလီမိတက် | ၁/ဗမန(နိုင်)၀၄၇၅၄၈ | ပြည်ကြီးတံခွန် | ငွေတော်ကျီကုန်း | ၅၁၆-က/၂ | ၁၆ | မြေ+RC (၄)ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အိမ်ဖျက်မိန့် ကြော်ငြာစာ

**အောက်ဖော်ပြပါပုဂ္ဂိုလ်များသည် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ အိမ်ဖျက်မိန့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် (၇)ရက်အတွင်း အဆောက်အအုံနှင့်ကုန်ရုံဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။**

| စဉ် | အမည် | မှတ်ပုံတင်အမှတ် | မြို့နယ် | ရပ်ကွက် | အကွက် | ဦးပိုင် | အမျိုးအစား |
|---|---|---|---|---|---|---|---|
| ၁။ | ဦးအေးမင်းကို(ပါ-၂) | ၅/တဆန(နိုင်)၁၃၃၆၃၅ | ချမ်းမြသာစည် | မြို့သစ်(၁) | C(ဝီ) | ၈၂ | နံကပ်(၁)ထပ် |

**ဌာနမှူး၊ အဆောက်အအုံနှင့်ကုန်ရုံဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ။**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဠ-၁၂)၊ ဦးပိုင်အမှတ်(၂၄)၊ မြေဧရိယာ (၃၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးအေးကို အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ တောင်ဘက်ခြမ်း(၁၅×၄၀) ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဒေါ်ဒိမ်းစန်းကျိန့်(ဘ)ဦးတာလ်ဒိုးပေါင်(၄/တဇန(နိုင်)၀၁၆၄၆၄)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက် ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီရိ** (LL.B)

**တရားလွှတ်တော်ရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်းကြား၊၁၁၄(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၇၉၈၇၁၆၄၆၈၊ ၀၉–၄၀၇၂၇၀၀၅၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဗ-၂၂)၊ ဦးပိုင်အမှတ်(၃၈-ခ/၂)၊ မြေဧရိယာ(၁၀×၃၀)ပေ အကျယ်အဝန်းရှိ ဒေါ်အေးပို အမည်ဖြင့် ချထားပေးသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ပြန်လည်လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု အဆိုပြုရောင်းချသူ ဦးဝင်းထွန်းမြင့်(ဘ) ဦးဘရှိန်(၉/မနမ(နိုင်)၀၁၈၇၆၆)မှ ကျွန်ုပ်၏မိတ်ဆွေသို့ လွှဲပြောင်းရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်သီရိ** (LL.B)

**တရားလွှတ်တော်ရှေ့နေ**

**၅၁လမ်းနှင့် ၅၂လမ်းကြား၊ ၁၁၄(ဘီ)လမ်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၇၉၈၇၁၆၄၆၈၊ ၀၉–၄၀၇၂၇၀၀၅၆**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ ၃၉(စီ)လမ်း၊ ၅၇လမ်းနှင့် ၅၈ လမ်းကြားနေ ဦးလှိုင်ရှိန်ချင့်(ခ)ထွန်းအောင်(၁၃/လရန(နိုင်)၀၅၇၅၈၁)ကိုင်ဆောင်သူ၏ သားဖြစ်သူ မောင်ချစ်လှိုင်သည် မိဘများ၏ ပြောဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်သည့်အတွက် ၄င်းအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်၍ ဖြစ်ပေါ်လာမည့်ပြဿနာ အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှိုင်ရှိန်ချင့်(ခ)ထွန်းအောင် (၁၃/လရန(နိုင်)၀၅၇၅၈၁)**

**၃၉(စီ)လမ်း၊ ၅၇လမ်းနှင့် ၅၈လမ်းကြား၊ ရဲမွန်တောင်ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉–၄၀၂၆၆၇၆၇၇**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒ-၂၅)၊ ဦးပိုင်နံပါတ်(၃၄)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၅၅၁)ဧက၊ (၆၀×၄၀)ပေ အကျယ်အဝန်းရှိ ဦးကံလှ အမည်ဖြင့် မြေနေရာချထားပေးခြင်းခံခဲ့ရသည့်မြေကွက်၏ တောင်ဘက်အစွန်ဆုံးအခြမ်း(၂၀×၄၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သန်းသန်းမော်(ဘ)ဦးကြည်စိန်(၉/နထက(နိုင်) ၁၁၅၂၄၉)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါမြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဒေါ်သူစာဝင်း** (LL.B)

**တရားလွှတ်တော်ရှေ့နေ**

**၅၄လမ်း၊ ၁၂၆လမ်းနှင့် ၁၂၇လမ်းကြား၊ (စ)ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉–၂၅၉၀၄၅၄၈၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ်(လလ-၁၂)၊ ဦးပိုင်အမှတ်(၃၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်သည် ဦးအောင်သန်းရွှေ(ဘ)ဦးဝမ်ရှန်တ(၉/အမဇ(နိုင်)၀၁၄၁၁၈)အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တစ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဦးစန်းထူး(ဘ)ဦးအောင်ငွေ(၉/အမဇ(နိုင်)၀၀၉၂၂၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီး စရန်ငွေတချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ ဂရန်မြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

**ဦးသန်းရွှေ** B.A(Hist),H.G.P

**အထက်တန်းရှေ့နေ**

**၅၃လမ်း၊ ၁၁၀(A)လမ်းနှင့် ၁၁၀(B)လမ်းကြား၊ ထွန်တုံးရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊**

**မန္တလေးမြို့။ ဖုန်း ၀၉–၅၁၄၀၄၇၈**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၃၁)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဒေါ်အေးအေးအမည်ပေါက်ရှိသော ဂရန်မြေကွက်၏ အရှေ့ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိကအဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးအောင်ဟိန်း(ဘ)ဦးဖုန်ဖူးမွေ(၁၃/လလန(နိုင်)၀၇၄၃၄၁)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်အေးအေးနိုင်**

**တရားလွှတ်တော်ရှေ့နေ**

**အမှတ်(ဆ–၇/၈၅–က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့် ၁၀၉လမ်းကြား(၁၀၉လမ်းမှဝင်ရမည်။)**

**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။ ၀၉–၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဇဇ-၃)တွင် တည်ရှိသော ဦးပိုင်အမှတ်(၉၄)အတွင်းမှ တောင်ဘက်ခြမ်း(၂၀×၆၀)ပေ အကျယ်အဝန်းရှိ ဂရန်မြေကွက်၏ နေထိုင်ပိုင်ဆိုင်ခွင့်၊ မြေပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆိုပြုကမ်းလှမ်းရောင်းချသူ ဦးအာကာညီညီ(၉/ပဥလ(နိုင်)၀၀၄၄၆၅)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်သဘောတူညီ၍ ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း အထောက်အထားပြုသည့် စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–**

| | |
|---|---|
| **ဦးလှမိုး(ဥပဒေဘွဲ့)** | **ဒေါ်ဝေဝေအောင်(ဥပဒေဘွဲ့)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ်(ဒ–၁၁/၄၁+၄၄)၊ ၆၃(A)လမ်း၊ ၃၉(A)လမ်းနှင့် လမ်း၄၀ကြား၊ မဟာမြိုင်(၂)ရပ်ကွက်၊**

**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉–၂၀၇၀၀၀၇၊ ၀၉–၇၉၂၀၇၀၀၀၇၊ ၀၉–၄၃၂၅၀၀၀၀**

## ပျောက်ဆုံးကြောင်း

ဒေါ်ခင်ခင်ဝင်း(ဘ)ဦးဟော်ယုံပေါင်း နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မမန(နိုင်)၀၂၉၈၉၁)ကိုင်ဆောင်သူ၏ Passport No(မမှတ်မိ)သည် ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန်။

**ဒေါ်ခင်ခင်ဝင်း**

**ဖုန်း ၀၉–၇၇၉၉၂၂၂၃**

## အမည်ပြောင်း

အဘ ဦးလှမော်၏ သား၊ မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)Grade-6 မှ မောင်သူရစံအား မောင်သူရဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်သူရ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ အကွက်အမှတ်(၈၃၁)၊ ဦးပိုင်(၁-ဃ)၊ ဧရိယာ(၀ ဒသမ ၀၁၁၄)ဧက အကျယ်အဝန်းရှိ ဒေါ်အမာတင် ပါ(၄)ဦးအမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နံကပ်(၂)ထပ်အဆောက်အအုံအပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်တို့ကို အမည်ပေါက်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ (၁)ဒေါ်အမာတင်(ဘ)ဦးကာစင်(၉/မရတ(နိုင်)၁၀၅၃၂၃)၊ (၂)ဦးအေးလွင်(ဘ)ဦးကာစင်(၉/မရတ(နိုင်)၁၀၆၂၂၃)၊ (၃)ဒေါ်ခင်ခင်ထွေး(ဘ)ဦးကာစင်(၉/မရတ(နိုင်)၁၀၅၃၂၂)၊ (၄)ဒေါ်စိမ်းစိမ်းရီ(ဘ)ဦးကာစင်(၉/မရတ(နိုင်)၁၀၅၃၂၄)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်သဘောတူညီပြီးဖြစ်၍ ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံတိကျသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ–**

**ဒေါ်အေးသီတာအောင်** (LL.M) **ဒေါ်စာနည်အောင်**(LL.B) **ဒေါ်သန်းသန်းဝင်း**(LL.B)

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ်(၁၁၀–ဃ)၊ မင်္ဂလာလမ်း၊ ၇၇လမ်းနှင့် ၇၈လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။**

**ဖုန်း ၀၉–၉၇၂၇၇၈၆၂၃၊ ၀၉–၇၉၈၆၉၉၅၄၄**

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ကျောက်မီးရွာနေ ဦးမျိုးသူရဝင်း(ဘ)ဦးဇေယျာဝင်း(၉/ပသက(နိုင်)၁၆၉၄၇၁)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးသူရဝင်းသည် ဒေါ်ခင်ညိုညိုလင်း(ဘ)ဦးစိန်လင်း(၉/ပသက(နိုင်)၀၉၅၉၆၉)ကိုင်ဆောင်သူနှင့် စိတ်သဘောထားချင်းတိုက်ဆိုင်မှုမရှိကြသဖြင့် လွန်ခဲ့သောနှစ်များစွာကတည်းက အတူပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ တစ်ဦးနှင့်တစ်ဦး ခွဲခွာနေထိုင်ခဲ့ကြပြီး (၇-၈-၂၀၂၄)ရက်နေ့တွင် အသိသက်သေလူကြီးများရှေ့မှောက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။

ထိုသို့ ကွာရှင်းပြတ်စဲခဲ့ပြီးသည့်နေ့မှစ၍ တစ်ဦးနှင့်တစ်ဦး စီးပွားရေး၊ လူမှုရေး၊ ငွေရေးကြေးရေးအစရှိသည့် မည်သည့်ကိစ္စအဝဝတို့တွင် မည်သို့မျှ ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါကြောင်းနှင့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ထို့ပြင် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးမျိုးသူရဝင်းအား ကိုယ်၊ စိတ်၊ ဂုဏ်သရေညိုးနွမ်းစေသော၊ ထိခိုက်စေသော၊ မည်သည့်ပြောဆိုချက်၊ ပြုမူလုပ်ဆောင်ချက်ကိုမျှ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ နှုတ်ဖြင့်ဖြစ်စေ၊ ကိုယ်ဖြင့်ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ၊ ဆိုရှယ်မီဒီယာများပေါ်တွင်ဖြစ်စေ၊ ဆောင်ရွက်ပြုမူပြောဆိုခြင်းအား မပြုလုပ်ရန်နှင့် ပြုလုပ်လာပါက ပြုလုပ်သူမည်သူ့ကိုမဆို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်သူ** | **လွှဲအပ်ချက်အရ–** |
| **ဦးမျိုးသူရဝင်း** | **ဒေါ်ရွှေစင်မိုးမြင့်** (LL.B) **အထက်တန်းရှေ့နေ** |
| **(၉/ပသက(နိုင်)၁၆၉၄၇၁)** | **ဖုန်း ၀၉–၂၅၆၁၁၁၄၇၃** |

## မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အောင်မြေသာစံမြို့နယ်ရှိ ရတနာတိုက်သစ်ကျောင်း(သစ်စိမ့်တိုက်)၌ ယာယီနေရပ်စွန့်ခွာပြည်သူများကို သွားရောက်တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်






**မန္တလေး ဩဂုတ် ၂၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ ရတနာတိုက်သစ်ကျောင်း(သစ်စိမ့်တိုက်)တွင် ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာပြည်သူများကို သွားရောက်တွေ့ဆုံအားပေးစကားများပြောကြားခဲ့ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရတနာတိုက်သစ်ကျောင်း ဆရာတော် ဘဒ္ဒန္တ ပဏ္ဍိစ္စအား ဖူးမြော်၍ ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာရောက်ရှိလာကြသည့် ပြည်သူများအား ယာယီလက်ခံစောင့်ရှောက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ဩဝါဒများခံယူကာ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ငင်းနောက် ဓမ္မဗိမာန်တော်ကြီး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသအသီးသီးမှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရင်းနှီးနွေးထွေးစွာ တွေ့ဆုံ၍ ယာယီနေထိုင်စဉ်ကာလအတွင်း ကျန်းမာရေးကို အထူးဂရုစိုက် နေထိုင်သွားရန်တို့ကို အမိကမှာကြားခဲ့ပြီး အားပေးစကားများပြောကြား၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် အိမ်ထောင်စု ၂၄ စုအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ရိက္ခာဆန်၊ ဆီနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ မိသားစုသုံးပစ္စည်း (၁၆)မျိုးပါ Kit ပုံး ၂၄ ပုံးတို့ကို ထောက်ပံ့ပေးအပ်ခဲ့ရာ ယာယီနေရပ်စွန့်ခွာပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရင်းနှီးနွေးထွေးစွာ နှုတ်ဆက်အားပေးစကားများပြောကြားပြီး ပြည်သူများမှ ကြုံတွေ့နေရသည့် အခြေအနေများနှင့်ပတ်သက်၍ တင်ပြမှုများအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀-၀






## မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် Mpox (မျောက်ကျောက်) ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းအား အရှိန်အဟုန်မြှင့် ဆောင်ရွက်

**မန္တလေး ဩဂုတ် ၂၂**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်) ရောဂါကူးစက်မှုအား နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ရောဂါဖြစ်ပွားနိုင်ခြေ သတ်မှတ်ချက်အရ Mpox (မျောက်ကျောက်) ရောဂါသည် မြန်မာနိုင်ငံတွင် ကူးစက်ဖြစ်ပွားနိုင်ခြေနည်းပါးသော်လည်း အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှုများရှိနေသဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် Mpox (မျောက်ကျောက်)ရောဂါ ကာကွယ်ရေးအတွက် အပြည်ပြည်ဆိုင်ရာ လေဆိပ်၊ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုမှုအား နီးနွယ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူနာတွေ့ရှိပါက ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက် သီးခြားလူနာဆောင်များ၊ လိုအပ်သော ဆေးနှင့် ဆေးပစ္စည်းများ အသင့်ပြင်ဆင်ထားရှိခြင်း၊ ပြည်သူလူထုအတွင်း ရောဂါကာကွယ်ရေးနည်းလမ်းများအား ကျန်းမာရေးအသိပညာပေးခြင်းတို့အား အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းနိုင် ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းက မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် ပူးပေါင်းညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဦးထွန်းလင်းအောင်၊ လေဆိပ်ကျန်းမာရေးဌာနခွဲမှ တာဝန်ခံဆရာဝန်များ၊ တံတားဦးမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးတို့နှင့်အတူ လေဆိပ်ဝင်ပေါက်တွင် Mpox (မျောက်ကျောက်)ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းအား အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရေးနှင့်သံသယလူနာတွေ့ရှိပါက လေဆိပ်တွင် ခေတ္တ isolation ထားရှိနိုင်မည့်နေရာ ပြင်ဆင်ထားရှိမှုနှင့် လွှဲပြောင်းဆေးရုံအဖြစ် သတ်မှတ်ထားရှိသော မန္တလေးပြည်သူ့ဆေးရုံကြီးသို့ စနစ်တကျလွှဲပြောင်းနိုင်ရေး စသည့် Mpox (မျောက်ကျောက်)ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း လုပ်ငန်းအစီအမံများနှင့်စပ်လျဉ်း၍ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း၊ Mpox (မျောက်ကျောက်)ရောဂါလူနာများနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း(သို့မဟုတ်)ရောဂါသံသယလက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုများနှင့် ကုသမှုခံယူရန် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၄)**

၀-၀-၀-၀

၀-၀-၀-၀-၀

